# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 31 July 2022 ၁၀၈၁၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ)အား ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယနေ့ ဖတ်စရာ**



**သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိစမြဲပါ**

ဆောင်းပါး စာမျက်နှာ » ၆

**PDF အမည်ခံ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက် အကြမ်းဖက် သတ်ဖြတ်မှု အန္တရာယ်မှ တိမ်းရှောင်လာကြသူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်**

စာမျက်နှာ » ၇

**ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၂၇၉ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀ တွေ့ရှိ**

စာမျက်နှာ » ၂၂



## ဝါးတန်း-ဒလ ဇက်ရေယာဉ်ကူးခနှုန်းများ ဩဂုတ် ၁ ရက်မှစ၍ ယာဉ်အမျိုးအစားအလိုက် တိုးမြှင့်ကောက်ခံမည်

**ရန်ကုန် ဇူလိုင် ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲရှိ ဝါးတန်း-ဒလ(ယာဉ်ကူးတို့)လမ်းတွင် ဩဂုတ် ၁ ရက်မှစ၍ ယာဉ်အမျိုးအစားအလိုက် နှုန်းထားများအား တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ တိုးမြှင့်ကောက်ခံတာဖြစ်ပါတယ်။ ဝါးတန်းကနေ နံနက် ၇ နာရီကစပြီး ၁ နာရီတစ်ခေါက်ဆွဲပါတယ်။ ညနေ ၆ နာရီကျော်အထိ ကားပေါ်မူတည်ပြီး ပြေးဆွဲပေးပါတယ်"ဟု ဝါးတန်း-ဒလ ကားကူးဇက်မှ တာဝန်ရှိသူ ဦးကျော်နိုင်ဦးက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



**မော်တော်ဆိုင်ကယ်နှင့် ယာဉ်မတော်တဆမှုအန္တရာယ်**

ဆောင်းပါး စာမျက်နှာ » ၂၃

# ကြေးမုံ

## စည်းလုံးညီညွတ်မှုဖြင့် ကောင်းမွေဖန်တီး

ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းလာအောင် ပြည်သူများက ပါဝင်ဖော်ဆောင်ကြရမည်ဖြစ်သည်။ အင်အားနည်းပါးချို့တဲ့နေသောအခါ၌ အခြားတစ်ပါး၏အကူအညီကို ယူအပ်ပြီး အတိုင်းအတာတစ်ခုတွင် မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင်ဖန်တီးကြရမည်ဖြစ်သည်။ မိမိတို့ကံကြမ္မာကို မိမိတို့ဖန်တီးရာ၌ စည်းလုံးညီညွတ်မှုသည် မရှိမဖြစ်လိုအပ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက မိမိတို့ကံကြမ္မာကို မည်သည့်အခါမျှ ဖန်တီး၍ရမည်မဟုတ်ဘဲ အကွဲကွဲအပြဲပြဲဖြင့် အဆိုးသံသရာတွင် လည်နေရမည်ဖြစ်သည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို လေ့လာကြည့်လျှင် စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ချူခဲ့သော်လည်း စည်းလုံးညီညွတ်မှုလျော့နည်းခဲ့၍ အကွဲကွဲအပြားပြားဖြစ်ကာ မငြိမ်းချမ်းသောဘဝများကို ယနေ့ထက်တိုင်ကြုံတွေ့နေရသည်။ အကျိုးဆက်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျပြီး နိုင်ငံတကာအလယ်တွင် မျက်နှာငယ်ရသည့်ဘဝအခြေအနေသို့ရောက်ခဲ့သည်။ စည်းလုံးညီညွတ်မှု ယိုယွင်းခြင်းကို ဆန်းစစ်ကြည့်လျှင် အချင်းချင်း စိတ်သဘောထားကွဲလွဲခြင်းဆိုသည်ထက် အခြားပြည်ပက သွေးခွဲခြင်းအမျိုးမျိုးတို့ကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားခဲ့ရသည်ဟုဆိုချင်သည်။

ကမ္ဘာပေါ်တွင် အင်အားကြီးနိုင်ငံများ၏ လွှမ်းမိုးမှုသည် ယနေ့ထက်တိုင်အောင် ကြီးစိုးနေဆဲဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်တွင် အရှေ့/အနောက်အုပ်စုများ အားပြိုင်မှုများပေါ်ပေါက်ခဲ့သည်။ အမေရိကန်သည် အာရှ-ပစိဖိတ်ကို ထိန်းချုပ်နိုင်ရန် ကြိုးစားခဲ့သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှစာချုပ် (ဆီတိုး) အဖွဲ့တွင် မပါဝင်၊ ဘက်မလိုက် ကြားနေဝါဒကို ကျင့်သုံးခဲ့သည်။ "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်"နှင့်အညီ ကျင့်သုံးနေထိုင်ခဲ့သည်။ ပထဝီနိုင်ငံရေးနှင့်ကိုက်ညီသည့် နိုင်ငံရေးဝါဒကိုကျင့်သုံးပြီး ယနေ့ထက်တိုင်အောင် မြန်မာနိုင်ငံသည် ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးနေထိုင်ခဲ့သည်။

တိုင်းပြည်တစ်ပြည်အပေါ် ဝင်ရောက်စွက်ဖက်လွှမ်းမိုးနိုင်ခြင်းသည် ထိုတိုင်းပြည်စည်းလုံးညီညွတ်မှု အားနည်းနေသည့်အခါ၌သာ ဆောင်ရွက်နိုင်ပြီး စည်းလုံးညီညွတ်မှုအားကောင်းနေသည့်နိုင်ငံများအား မည်သည့်အခါမျှ ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်သည်ကို သမိုင်းကြောင်း၌ တွေ့မြင်နိုင်ပေသည်။ ထို့ကြောင့် နိုင်ငံ၏သမိုင်းကြောင်းအစဉ်အဆက်တွင် ပြင်ပမှ သွေးခွဲမှုအမျိုးမျိုး ပြုလုပ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံကို နိုင်ငံတကာအသိုင်းအဝိုင်းမှ ဘေးဖယ်ရန် ကြိုးပမ်းအားထုတ်မှုများ၊ ပြည်တွင်းအချင်းချင်း မညီညွတ်မှုများ တိုးပွားလာအောင် ကြံစည်အားထုတ်မှုများ ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေချိန်၌ အချို့နိုင်ငံကြီးများက ၎င်းတို့အလိုကျ ဆောင်ရွက်မည့်သူများကို မြန်မာ့နိုင်ငံရေး၏ အရေးပါသည့်နေရာများတွင် ပါဝင်နိုင်အောင် အချိန်ယူစိမ့်ဝင်၍ ရည်ရွယ်ချက်ရှိရှိ ကြံစည်လုပ်ဆောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ၎င်းတို့လိုလားသူများ နိုင်ငံရေးစင်မြင့်ပေါ်တွင် တည်မြဲနေစေရေးအတွက် ပြည်တွင်းအားကိုအသုံးချ၍ ငွေအား၊ လူအား၊ အကြံပေးများအားဖြင့် အဘက်ဘက်မှ အားပေးကူညီပံ့ပိုးဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ အကူအညီများပေးရာတွင် အရောင်အသွေးများဖြင့် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးစင်မြင့်ပေါ်၌ ၎င်းတို့လိုလားသည့်သူများမရှိတော့သည့်အချိန်တွင် အကြောင်းအမျိုးမျိုးဖြင့် အကူအညီများရပ်ဆိုင်းသွားသည်သာမက အကြံအစည်အမျိုးမျိုးဖြင့် ဖိအားအမျိုးမျိုးပေးလာသည်ကို တွေ့ရမည်ဖြစ်သည်။

အများပြည်သူဆန္ဒသဘောထားဖြင့် အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို မျက်ကွယ်ပြုပြီး ခွဲခြားဆက်ဆံမှုများနှင့် စိတ်ဝမ်းကွဲပြားမှုဖြစ်လာအောင် ပြည်တွင်းမှ အမျိုးသားသစ္စာဖောက်များကိုအသုံးချ၍ တစိုက်မတ်မတ် ကြံစည်အားထုတ်လုပ်ကိုင်နေကြသည်။ နိုင်ငံတကာဆက်ဆံရေးပျက်ပြားအောင် မြန်မာနိုင်ငံ၏ ပကတိအရှိတရားကို မျက်ကွယ်ပြု၍ ကြိုးပမ်းလုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်တွင်း/ပြည်ပတွင် မတည်မငြိမ် ဖိအားများလာအောင် လုပ်ကိုင်ပြီး တိုင်းပြည်ပြိုကွဲပျက်စီးအောင် ကြံစည်လုပ်ဆောင်နေကြသည့် လက်ရှိနိုင်ငံရေးအခြေအနေကို မှန်မှန်ကန်ကန် သိမြင်ကြရန်လိုအပ်ပေသည်။ တိုင်းပြည်မတည်မငြိမ် ကမောက်ကမဖြစ်နေပါက နိုင်ငံအတွင်း အေးချမ်းစွာနေထိုင်လုပ်ကိုင်လိုကြသော ပြည်သူများသာ အခက်အခဲဖြစ်ကြမည်ကို သိရှိကြရန်လိုအပ်ပေသည်။

သို့ဖြစ်ရာ တိုင်းပြည်ပြိုကွဲပျက်စီးစေရန် ကြံစည်အားထုတ်မှုများ၊ အိမ်ကြက်ချင်း အိုးမဲသုတ်မှုများကို မြင်တတ်သိတတ်ဖို့ လိုအပ်ပေသည်။ ပြည်ပမှ တစိုက်မတ်မတ် သွေးထိုးမြှောက်ပင့်ပေးနေမှုများကို သတိထားတတ်ရန်လိုအပ်ပေသည်။ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် လမ်းမှားမရောက်စေရန် ဝိုင်းဝန်းအသိပေး တားဆီးကြရန်လိုအပ်ပေသည်။ ပြည်တွင်း၌ တိုင်းပြည်ကို ဖျက်ဆီးနေသူများအား ဝိုင်းဝန်းကူညီတားဆီးကြရန် လိုအပ်ပေသည်။ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ ကောင်းမွေများကို ခံစားနိုင်ရန် ပြည်သူများအားလုံး စည်းလုံးညီညွတ်ကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။




ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ မဟာဝိဟာရရန်ကင်းတောရကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မဟာဂန္ဓာရုံတိုက်သစ်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ရှိ မဟာလေးထပ်ကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ဇေယျာသိဒ္ဓိကမ္မဋ္ဌာန်းကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်ရှိ ရွှေကျောင်းကျောင်းတိုက်သို့လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ရှိ ဟံသာရုံကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့နယ်၌ မျိုးစပါးမျိုးစေ့ထုတ်စိုက်ပျိုးထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှု

အုတ်တွင်း ဇူလိုင် ၃၀

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ဒေသအတွင်း မျိုးစပါးများ မျိုးကောင်းမျိုးသန့်ရရှိထုတ်လုပ်နိုင်စေရေးအတွက် ယမန်နေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြတ်မင်းထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆင်းသုခန့်ကောက်မျိုးစပါး မျိုးစေ့ထုတ်လုပ်စိုက်ပျိုးထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုအားပေး၍ လိုအပ်သည်များဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အုတ်တွင်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးရာသီအတွင်း မျိုးကောင်း မျိုးသန့် ရရှိစေရန် ရည်ရွယ်၍မျိုးစပါးမျိုးစေ့ထုတ်စိုက်ဧက ၂၅၀ တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ပြီး ယခုလက်ရှိဘန့်ဘွေးကုန်းကျေးရွာနှင့် ဥယျာဉ်တော်ကျေးရွာတွင် မျိုးစပါးမျိုးစေ့ထုတ်စိုက်ဧက ၄၈ ဧက စိုက်ပျိုးပြီးကြောင်းနှင့် စိုက်ဧကလျာထားချက်ပြည့်မီ စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## ငါးပိဆယ်ရိုးချောင်းအတွင်း ငါးရစ်ငါးသန်ဖမ်းဆီးမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

အင်္ဂပူ ဇူလိုင် ၃၀

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ယမန်နေ့နံနက်ပိုင်းက ရှမ်းခေါင်းပြဲကျေးရွာအုပ်စု အုတ်ရှစ်ကုန်းကျေးရွာအနီးရှိ ငါးပိဆယ်ရိုးချောင်းအတွင်း ငါးရစ်ငါးသန်ဖမ်းဆီးမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ငါးပိဆယ်ရိုးချောင်းအတွင်း ငါးရစ်ငါးဖမ်းကွင်းပိုက်၊ ပိုက်အိတ်များ၊ မြှုံးများကို ပိုင်ရှင်မဲ့စစ်ဆေးတွေ့ရှိသဖြင့် ဖယ်ရှားဖျက်ဆီးရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်သူများအား ငါးရစ်ငါးသန်ကာလအတွင်း ငါးများဖမ်းဆီးမှုမရှိစေရေးအတွက် အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သတင်းထောက်များ | ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကျေးလက်ဒေသ ဝင်ငွေတိုးပွားရေးအတွက် အသေးစားအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများသည် အရေးကြီး

**နေပြည်တော် ဇူလိုင် ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးသည် ယနေ့နံနက်ပိုင်းက အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ရေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကြို့ပင်သာကျေးရွာရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ရေရရှိရေးဖြစ်သည့် စက်ရေတွင်းတူးဖော်ခြင်း၊ ရေစင်ဆောက်လုပ်ခြင်း၊ Solar စနစ်ဖြင့် ရေတင်ခြင်းလုပ်ငန်းသို့ရောက်ရှိပြီး ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ၍ ယခုစီမံကိန်းသည် ကျေးရွာ လေးရွာ၊ အိမ်ခြေ ၄၇၅ အိမ်၊ လူဦးရေ ၂၀၁၃ ဦးအတွက် အကျိုးရှိမည်ဖြစ်၍ အချိန်မီပြီးစီးအောင် သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကုသိုလ်ရသည့်လုပ်ငန်းလည်းဖြစ်ကြောင်း ပြောကြားကာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့ ယွန်းလျှံလယ်ယာ အထောက်အကူပြုစခန်းသို့ရောက်ရှိပြီး စခန်းတာဝန်ခံက လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လာမည့်နွေရာသီအမီ နွေစပါးသီးနှံအတွက် စိတ်တူကိုယ်တူရှိပြီး တစ်ဆက်တစ်စပ်တည်းရှိသည့် တောင်သူများကို သမဝါယမအသင်းဖွဲ့စည်းပေးပြီး Pilot Project အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများက ပုဂ္ဂလိက၊ တောင်သူများနှင့်ပူးပေါင်းပြီး ယခုကာလမှစတင်၍ ဆွေးနွေးတိုင်ပင်ကြရန်၊ စီမံချက်ရေးဆွဲကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဆက်လက်ပြီး ကျေးရွာအုပ်စု လေးစု၊ ကျေးရွာ ၄၁ ရွာမှ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဝင်ငွေတိုးပွားရေးအတွက် ဆောင်ရွက်နိုင်သည်များကို ဆွေးနွေးပြီး ပြည်သူများက ကျေးရွာချင်းဆက်လမ်း၊ ကုန်ထုတ်လမ်း၊ စိုက်ပျိုးရေရရှိရေးနှင့် သွင်းအားစုဆိုင်ရာလိုအပ်ချက်တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရေတာရှည်မြို့နယ် ညောင်ပင်ကိုင်း-ပိတောက်ခင်-ရွာသစ်လမ်း ကျေးရွာသုံးရွာ၊ အကျိုးပြုလူဦးရေ ၃၃၇၆ ဦးအတွက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့ သံလွင်အာလူးကြော်လုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာ၍ ကျေးလက်ဒေသ ဝင်ငွေတိုးပွားရေးအတွက် အသေးစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများသည် အရေးကြီးကြောင်း၊ လိုအပ်သည့် နည်းပညာအကူအညီနှင့် အရင်းအနှီးများလည်း တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး တာဝန်ယူမှု တာဝန်ခံမှုရှိသော လုပ်ငန်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း စဉ်ဆက်မပြတ် အားပေးကူညီဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

ဝါးတန်း-ဒလ(ယာဉ်ကူးတို့)လမ်းကို ဩဂုတ် ၁ ရက်မှစတင်၍ ခရီးသည်လက်မှတ် ယခင်ကောက်ခံလျက်ရှိသည့် ငွေကျပ် ၁၀၀ မှ ငွေကျပ် ၂၀၀ သို့ တိုးမြှင့်ကောက်ခံပြီး တစ်တန်အောက်အိမ်စီးကားများကို ယခင်ကောက်ခံလျက်ရှိသည့် ငွေကျပ် ၂၅၀၀ မှ ၃၇၅၀၊ တစ်တန်နှင့် နှစ်တန်ကြားယာဉ်များကို ယခင်ကောက်ခံလျက်ရှိသည့် ငွေကျပ် ၃၀၀၀ မှ ၄၅၀၀၊ နှစ်တန်နှင့် သုံးတန်ကြားယာဉ်များကို ယခင်ကောက်ခံလျက်ရှိသည့် ငွေကျပ် ၄၀၀၀ မှ ငွေကျပ် ၆၀၀၀၊ သုံးတန်နှင့် ခြောက်တန်ကြားယာဉ်များကို ယခင်ကောက်ခံလျက်ရှိသည့် ငွေကျပ် ၅၀၀၀ မှ ငွေကျပ် ၇၅၀၀၊ ခြောက်တန်နှင့် ၁၂ တန်ကြားယာဉ်များကို ယခင်ကောက်ခံလျက်ရှိသည့် ငွေကျပ် ၆၀၀၀ မှ ငွေကျပ် ၉၀၀၀၊ စက်ဘီးငွေကျပ် ၁၀၀၊ ဆိုက်ကား ငွေကျပ် ၂၀၀၊ မော်တော်ဆိုင်ကယ် ငွေကျပ် ၈၀၀၊ နောက်တွဲယာဉ်သုံးဘီး ငွေကျပ် ၁၀၀၀၊ နောက်တွဲယာဉ်လေးဘီး ငွေကျပ် ၂၀၀၀ တို့ကို မူလအတိုင်းကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ ဝါးတန်း-ဒလကားကူးဇက်ရေယာဉ်သည် နေ့စဉ် ခေါက်ရေ ၁၂ ခေါက်ခွဲပြေးဆွဲလျက်ရှိပြီး ယာဉ်စီးရေနေ့စဉ် ၄၀၀ ခန့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **ဇလစိုး**



## ငါးသိုင်းချောင်းမြို့၌ စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေး အသိပညာပေး

**ငါးသိုင်းချောင်း ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ အထကကျောင်းခန်းမ၌ ယနေ့မွန်းလွဲပိုင်းက စည်းကမ်းတကျအမှိုက်စွန့်ပစ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ငါးသိုင်းချောင်းမြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်က အခမ်းအနားအဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ညွန့်က အမှိုက်အမျိုးအစားများအကြောင်း၊ စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေးအတွက် သိရှိလိုက်နာရန်အချက်များ၊ Clean City၊ Green City၊ Smart City အဖြစ် အကောင်ထည်ဖော်ဆောင်ရွက်နေမှုအခြေအနေနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်သည့် အချက်များကို အသိပညာပေး ဆွေးနွေးဟောပြောကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



**အောင်ချက်မြင့်မားရေး**

အလုပ်ရုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ယနေ့ကျင်းပသည့် အခမ်းအနားတွင် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ စုစုပေါင်း ၄၁၉ ဦးရှိပြီး အခြေခံပညာကျောင်းများမှ ၃၈၀၊ ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများမှ ၃၉ ဦးပါဝင်ကြောင်း၊ ယခင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်း မရှိခဲ့သူများနှင့် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကျရှုံးသူများမှာ စုစုပေါင်း ၁၉၃၀ ခန့်ရှိကြောင်း သိရပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ရန် ရည်မှန်းချက်မှာ အကြီးမားဆုံး မျှော်မှန်းချက် တစ်ခုဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏ တက္ကသိုလ်ဝင်တန်း အောင်ချက် ရာခိုင်နှုန်းအနေဖြင့် ၃၂ ဒသမ ၁၉ ရှိပြီး ယခင်နှစ်များထက် အောင်ချက်မြင့်မားလာသည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၃ ခုနှစ် မတ်လတွင် ဖြေဆိုမည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင်လည်း ယခင်နှစ် အောင်ချက်ကဲ့သို့ မြင့်မားရေးအတွက် ဆောင်ရွက်ရာမှာ ဆရာ ဆရာမများ၏ သင်ကြားရေးကြိုးပမ်းဆောင်ရွက်မှု၊ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ ပူးပေါင်းပါဝင်မှုသည် အဓိကကျလှကြောင်း၊ ယခု တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးကြမည့် ဆရာကြီး ဆရာမကြီးများနှင့် ပါဝင်ဆွေးနွေးကြမည့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ ဆရာမကြီး ဒေါ်ခင်ညိုညိုက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် အစိုးရထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော နောင်တုံကန်ပတ်လမ်း ပလက်ဖောင်းပြုလုပ်ခြင်း ဆောင်ရွက်ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ကျိုင်းတုံ ဟော်နန်း ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဒုံရင်းတိုက်နယ် ရေတံခွန်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်

ဘားအံ ဇူလိုင် ၂၀

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းက ဒုံရင်းတိုက်နယ် ရေတံခွန်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ ဒုံရင်းတိုက်နယ် လှိုင်ကမ္ဘာကျေးရွာအုပ်စု ရေတံခွန်ချောင်းအတွင်း ငါးသယံဇာတပေါကြွယ်ဝ၍ ဒေသတွင်း ငါးစားသုံးမှု ဖူလုံပိုလျှံစေရေးအတွက် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ဒေသခံပြည်သူများနှင့်အတူ ငါးခုံးမကြီးကောင်ရေ တစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီး ဒုံရင်းသဘာဝ ရေတံခွန်ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့ နံနက် ၇ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် ၁၅ ရပ်ကွက် သံသုမာလမ်းမပေါ်ရှိ ရေပေါက်ကြည်ချောင်း ရေထိန်းတံခါးသို့ သွားရောက်ပြီး ဒီရေတက်ချိန် ရေထိန်းတံခါးပိတ်၍ ငမိုးရိပ်ချောင်းအတွင်းသို့ ရေစုပ်ထုတ်နေမှုနှင့် ရေထိန်းတံခါးဝန်းကျင် မြက်ပင်ချုံနွယ်များ ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် ၆ ရပ်ကွက် သစ္စာလမ်းရှိ ကျိုက္ကဆံချောင်းအတွင်း အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို လည်းကောင်း၊ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စက်မှုရတနာလမ်းရှိ ခုနစ်ပင်လိမ်ချောင်း ရေထိန်းတံခါးကိုပိတ်၍ ရေစုပ်စက်တစ်လုံးလျှင် တစ်နာရီ ရေဂါလန် ၃၃၀၀၀၀ စုပ်ယူနိုင်သည့် Flood Control Pump နှစ်လုံးဖြင့် ရေစုပ်ထုတ်နေမှုကိုလည်းကောင်း၊ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် နတ်ချောင်းအတွင်းမှ အမှိုက်နှင့် နုန်းများကို Excavator ဖြင့် ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် အတွင်းရှုခင်းသာလမ်းရှိ အတွင်းရှုခင်းသာ ဝန်ထမ်းအိမ်ရာ အားကစားကွင်း မြေညှိပြုပြင်နေမှုနှင့် ခြံစည်းရိုးပြုပြင်နေမှုကိုလည်းကောင်း၊ အတွင်းရှုခင်းသာလမ်းတစ်လျှောက် အမှတ်(၅)မြစ်ထွက်ပေါက်စီးဆင်းသည့် အုတ်ရေမြောင်း မြေထိန်းနံရံနှင့် Manhole ပါ မြောင်းဖုံး Slab တည်ဆောက်ပြီးစီးမှု၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ အုတ်ရေမြောင်းနှင့် လမ်းအကြားလမ်းသားတိုးချဲ့ရန် မြေညှိပြုပြင်နေမှုကို လည်းကောင်း၊ ရှုခင်းသာရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်းပေါ်ရှိ အမှတ် (၄) မြစ်ထွက်ပေါက်ရေမြောင်းတွင် အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

သတင်းစဉ်

# စိုက်ပျိုးရေးဦးစီးဌာန ဘိန်းအစားထိုးဖွံ့ဖြိုးရေးခြံ(နားလီ)၌ ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးကွင်းသရုပ်ပြပွဲ ဆောင်ရွက်

လောက်ကိုင် ဇူလိုင် ၂၀

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဘိန်းအစားထိုး ဖွံ့ဖြိုးရေးခြံ(နားလီ)၌ ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့်တောင်သူများအား တောင်သူပညာပေး လက်ကမ်းစာစောင်များနှင့် လယ်ယာစီးပွား သတင်းဂျာနယ်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။



ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းနိုင်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးမိုးမင်းစိုးတို့က စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများကို လိုက်လံပြသပြီး ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် နေကြာသီးနှံနှင့် နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေ၊ ခြံတာဝန်ခံ ဦးစီးအရာရှိ ဦးတိုးခိုင်က ပဲပုပ်ရေဆင်း (၁၂)မျိုးသန့်စံပြကွက်စိုက်ပျိုးထားမှု အခြေအနေများ ရှင်းလင်းပြသ၍ ဒေသအတွင်း ရေမြေဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့်ပဲတီစိမ်းမျိုးကို တောင်သူကိုယ်တိုင် ရွေးချယ်စိုက်ပျိုးနိုင်ရေး တောင်သူများအား လက်တွေ့ပညာပေးကွင်းသရုပ်ပြပွဲဆောင်ရွက်ခဲ့ပြီး တောင်သူများသိလိုသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မိုးနဲမြို့နယ်၌ ဘိန်းအစားထိုးလုပ်ငန်းများလုပ်ကိုင်ရန် ဒေသကြက်များ ဖြန့်ဖြူးပေးအပ်

မိုးနဲ ဇူလိုင် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဘိန်းအစားထိုးလုပ်ငန်းများ လုပ်ကိုင်ရန် ဒေသကြက်များ ဖြန့်ဖြူးပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ကုန်းလွန်းကျေးရွာအုပ်စု လွိုင်ယုကာကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်၌ ပြုလုပ်သည်။

**ရှင်းလင်းဆွေးနွေး**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က မွေးမြူရေးလုပ်ငန်းအတွက် ဒေသကြက်များ ပေးအပ်ထောက်ပံ့ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာခိုင်မြဲစည်သူက ဒေသကြက်များမွေးမြူရမည့် နည်းလမ်းများနှင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းသို့ ဒေသကြက်များ ဖြန့်ဖြူးပေးအပ်ရာတွင် ကြက်ကောင်ရေ ၁၀၀ ကောင်ကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးရွာနေ အိမ်ထောင်စု ၁၀ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ကြက်ကောင်ရေ ၁၀ ကောင်နှုန်းဖြင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

နေပြည်တော် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

# ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား ဖူဆယ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**လွိုင်ကော် ဇူလိုင် ၃၀**

ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား အမျိုးသား အသက် ၂၅ နှစ်အောက် မိုးရာသီဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက လွိုင်ကော်မြို့ ဒေါဠုခူရပ်ကွက်ရှိပြည်နယ် ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်အနေဖြင့် လွိုင်ကော်မြို့နယ်အသင်းနှင့် မယ်စဲ့မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသည့် လွိုင်ကော်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး မြတ်မင်းမိုးတို့က ဆုရအသင်းများနှင့် တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။



၂၀၂၂ ခုနှစ် ကယားပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဖလား အမျိုးသား အသက် ၂၅ နှစ်အောက် မိုးရာသီဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မှာကြား**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်အားကစားကွင်းအတွင်း တည်ဆောက်ထားရှိသည့် အားကစားရုံ၊ အားကစားကွင်း၊ ပွဲကြည့်စင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လေ့ကျင့်ရေးအတွက် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့် စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားရမည့် လုပ်ငန်းများကို မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**ပုသိမ် ဇူလိုင် ၃၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ အတည်ပြုမိန့်ရယူပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ ထိုသို့စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်လျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာသည်ကိုတွေ့ရကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများတွင် အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဆန်စပါးလုပ်ငန်းများ၊ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်းများအပြင် အခြားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ မိမိတို့တိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်ပြီး စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအပြင် ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများလည်း ဖွံ့ဖြိုးလာရာ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်လာကြောင်းနှင့် မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။




**အကျယ်တဝင့်ဆွေးနွေး**

ဆက်လက်၍ စီးပွားရေးလုပ်ငန်းရှင်များက အထည်ချုပ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တန်ဖိုးမြှင့်ဆန်ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်း၊ ကဏန်းပျော့ ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ထပ်မံတိုးချဲ့မည့်အစီအမံများ၊ မြေအသုံးချမှုခွင့်ပြုချက်ရရှိရေး၊ လျှပ်စစ်မီးပိုမိုရရှိရေး ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ပြီး စိုက်ပျိုးမွေးမြူရေးအခြေခံသည့် စက်ရုံအလုပ်ရုံများ ပိုမိုတိုးတက်ရင်းနှီးမြှုပ်နှံလာစေရန်အတွက် အလားအလာကောင်းများကို အကျယ်တဝင့်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်

**မုံရွာ ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ (၁/၂၀၂၂) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တန်ဖိုးမဖြတ်နိုင်**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထူးခြားသည့် အင်အားစုတစ်ရပ်ဖြစ်ပြီး လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များအနေဖြင့် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးကို မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် အလေးအနက်ထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာလှုပ်ရှားမှုတစ်ရပ်အနေဖြင့် တိုင်းဒေသကြီးအားကစားကွင်းတွင် ဘောလုံး၊ ဖူဆယ်၊ ကရာတေး၊ စားပွဲတင်တင်းနစ်၊ fitness Dance၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ တင်းနစ်၊ မြန်မာသိုင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲများကိုလည်း ကျင်းပပေးခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ်ရေးရာကော်မတီ၏ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ဗန်းမော်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ပညာရေးဝန်ထမ်းများ၊ ခရိုင်/မြို့နယ် တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ

**ဗန်းမော် ဇူလိုင် ၃၀**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယမန်နေ့ ညနေ ၄ နာရီခွဲက ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ကျင်းပသည်။

**မှတ်တမ်းတင်ဂုဏ်ယူ**

ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲရလဒ်တွင် ပြည်နယ်အတွင်း ဗန်းမော်မြို့နယ်သည် အောင်ချက်ရာခိုင်နှုန်း အကောင်းဆုံးဖြစ်သည့်အပြင် ဂုဏ်ထူးရထူးချွန်ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် သင်ကြားရေးလုပ်ငန်း ဆောင်ရွက်နေကြသည့် ဆရာ ဆရာမများအား မိမိတို့အနေဖြင့် မှတ်တမ်းတင်ဂုဏ်ယူကြောင်း၊ အလားတူ ပညာရေးကဏ္ဍ ပိုမိုတိုးတက်အောင်မြင်ရေး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့အပြင် ကျောင်းသားကျောင်းသူများအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးသည်။

**ဥပဒေဘက်တော်သား**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗန်းမော်မြို့ စုပေါင်းရုံးရှိ ခရိုင်ဥပဒေရုံး၌ ခရိုင်အတွင်းရှိ မြို့နယ်များမှ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် ဥပဒေနှင့်အညီ ပြည်သူများ အမှန်တကယ် အားကိုးအားထားပြုနိုင်သည့် ဥပဒေဘက်တော်သားများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဥပဒေနှင့်အညီ ညီညွတ်မျှတစွာ ဆုံးဖြတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်ဥပဒေချုပ် ဒေါ်နန်းလှလှအေး၊ ခရိုင်တရားသူကြီးနှင့် ခရိုင်ဥပဒေအရာရှိတို့က ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**

# သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိစမြဲပါ

တရားမျှတမှုလိုလားသူတစ်ဦး

**လက်ရှိအစိုးရကို ဒီမိုကရေစီနည်းကျကျ အတိုက်အခံပြု ကန့်ကွက်ရုံမျှ လွတ်လွတ်လပ်လပ်ဆန္ဒဖော်ထုတ်ရုံမျှနဲ့တော့ အခုလို အကျဉ်းထောင်လုပ်ထုံးလုပ်နည်းနဲ့အညီ အထိရောက်ဆုံးပြစ်ဒဏ်ပေးမိမယ် မဟုတ်ဘူးထင်ပါတယ်။ အခုဟာက ရန်ကုန်မြို့ထဲမှာ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးတာတွေပါတယ်ဗျာ။ အပြစ်မဲ့ပြည်သူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ လုံခြုံရေးဝန်ထမ်းတွေ သေကြရတယ်၊ ထိခိုက်ဒဏ်ရာရကြတာတွေရှိခဲ့ပါတယ်။**

သူတို့သတ်ဖြတ်မှုကြောင့် မိဘမဲ့သားသမီးဖြစ်သွားရသူတွေ၊ သားသမီးဆုံးရှုံးလိုက်ရတဲ့ မိဘတွေ၊ အနန္တော အနန္တဂိုဏ်းဝင် ကျောင်းဆရာ ဆရာမတွေ ဘယ်လောက်တောင် သတ်ဖြတ်ခံခဲ့ကြရပြီလဲ။ ဆရာတော်၊ သံဃာတော်တွေတောင်မချန် သတ်ခဲ့ဖြတ်ခဲ့ကြတဲ့သူတွေ၊ သွေးအေးအေးနဲ့ သတ်ရက်ခဲ့ကြတဲ့သူတွေ၊ အခုအချိန်အထိ မပြီးနိုင်မစီးနိုင် ရက်ရက်စက်စက် သတ်ကြဆဲပါ၊ ဒီအကြမ်းဖက်တွေ သတ်လို့ သေဆုံးသွားခဲ့ကြသူတွေကို မေ့သွားကြလို့ မဖြစ်ဘူးထင်ပါတယ်ခင်ဗျာ။

ဒီမိုကရေစီအရေးကြွေးကြော်ပြီး သူတို့ကျူးလွန်ခဲ့တာ အကြမ်းဖက်လုပ်ရပ်တွေပါ၊ ဥပဒေအရ ထိထိရောက်ရောက် အပြစ်ပေးအရေးယူရမယ့် ပြစ်မှုတွေပါ။ သူတို့လုပ်ရပ်တွေက နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားပျက်ပြားအောင်နဲ့ တရားဥပဒေစိုးမိုးမှုပျက်ပြားအောင်၊ ပြည်သူတွေ အထိတ်တလန့်ဖြစ်အောင် ပြုလုပ်တာထင်ရှားပါတယ်။ ဒီလိုပြစ်မှုတွေ ကျူးလွန်မယ်ဆိုရင် ဒီလိုထိရောက်တဲ့ ပြစ်ဒဏ်ပေးခံရမယ်ဆိုတာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၉ (က)၊ ၅၀ ( ဈ) နဲ့ ၅၀ ( ည ) တို့မှာပါပြီးသားပါ။ စစ်အုပ်ချုပ်ရေးကာလ သတ်မှတ်ထားလို့ Martial Law အရ စစ်ခုံရုံးဖွဲ့ စစ်ဆေးဆောင်ရွက်ပြီးမှ ထိထိရောက်ရောက် အမိန့်ချ၊ အကျဉ်းထောင်လုပ်ထုံးလုပ်နည်းနဲ့အညီ စီရင်လိုက်တဲ့သဘောလို့ပဲမြင်မိပါတယ်။

### အကြမ်းဖက်သတ်ဖြတ် ဖောက်ခွဲဖျက်ဆီး ထောက်ပံ့မှုတွေအတွက် ထိရောက်တဲ့အပြစ်ဒဏ်

ပြစ်ဒဏ်သင့်ခံရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း NLD ပါတီဝင် မောင်ကျော် (ခ) ဖြိုးဇေယျာသော်ဆိုရင် CRPH၊ NUG အကြမ်းဖက်အဖွဲ့တွေရဲ့ လက်အောက်ခံ PDF အကြမ်းဖက်တာဝန်ခံတစ်ဦးရဲ့ စေခိုင်းချက်အရ ဒီလူဟာ moon light operation လို့ခေါ်တဲ့ အကြမ်းဖက်အဖွဲ့နဲ့ zoom meeting လုပ်၊ သူတို့ကို မထောက်ခံသူတွေ၊ လုံခြုံရေးတပ်ဖွဲ့တွေ၊ ရဲတပ်ဖွဲ့ဝင်တွေကို ပစ်ခတ်သတ်ဖြတ်ဖို့၊ ရန်ကုန်မြို့ထဲမှာ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးဖို့ စည်းရုံးခဲ့တယ်၊ လှုံ့ဆော်ခဲ့တယ်၊ လူသတ်လက်နက်ခဲယမ်းတွေ ထောက်ပံ့ခဲ့တယ်၊ အလှူငွေကောက်ခံပြီး ရတဲ့အလှူငွေတွေနဲ့ အကြမ်းဖက်အားပေး ထောက်ပံ့ခဲ့တာတွေကို ထင်ထင်ရှားရှား တွေ့ရပါတယ်။

သူကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေကလည်း အများ



| | ဖမ်းဆီးရမိလက်နက်/ခဲယမ်းများစာရင်း | | |
|---|---|---|---|
| (၁) | AK-47 သေနတ် | ၆ | လက်။ |
| (၂) | M-16 သေနတ် | ၈ | လက်။ |
| (၃) | ၁၂ ဗိုသေနတ် | ၂ | လက်။ |
| (၄) | တူမီးသေနတ် | ၁ | လက်။ |
| (၅) | ကျည်အိမ် | ၁၈ | ခု။ |

ကျော်မင်းယု(ခ)ဂျင်မီနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

သား၊ သတ်ဖို့ဖြစ်ဖို့ လက်နက်ခဲယမ်းထောက်ပံ့တာက ၃၅ ကြိမ်၊ စီစဉ်ညွှန်ကြားတာက ၁၁ ကြိမ်၊ အစိုးရအဆောက်အအုံတွေကို အကြိမ် ၃၀၊ အုပ်ချုပ်ရေးမှူးရုံးတွေကို ၃၂ ကြိမ်၊ လျှပ်စစ်ရုံးနဲ့ ကညနရုံးဝန်းကျင်မှာက ၂၅ ကြိမ်နဲ့ ကိုးကြိမ်စီ၊ CCTV control box က ငါးကြိမ်၊ public area မှာ အကြိမ် ၂၀၊ ဘာသာရေးအဆောက်အအုံတွေကို နှစ်ကြိမ်၊ စာသင်ကျောင်းသုံးကြိမ်၊ ယာဉ်ထိန်းရဲရုံးက ၁၂ ကြိမ် စသဖြင့် နေရာတော်တော်များများမှာ ၁၇၃ ကြိမ်ခန့် ဖောက်ခွဲဖျက်ဆီးခဲ့တာကို သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။ အကြမ်းဖက်လက်ချက်နဲ့ လုံခြုံရေးဝန်ထမ်း ကိုးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ၁၂ ဦး သေဆုံးခဲ့ရတဲ့အကြောင်းကိုလည်း ၎င်းထွက်ဆိုချက်တွေအရ ကိုယ်တိုင် Live လွှင့်ပြီးလည်း ထွက်ဆိုချက်ပေးခဲ့ပါသေးတယ်။

ထို့အတူပါပဲ ပြစ်ဒဏ်သင့်ခံရတဲ့ ၈၈ ကျောင်းသားဟောင်း ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်းက အကြမ်းဖက်ခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ ကျော်မင်းယု (ခ) ဂျင်မီဆိုရင်လည်း အကြမ်းဖက်ရာမှာအသုံးပြုမယ့် လက်နက်ခဲယမ်းတွေ၊ အကြမ်းဖက်သမားတွေကို နေရာဝှက်သိုဝှက်သိမ်းဆည်းပေးပြီး အကြမ်းဖက်သမားတွေနဲ့ zoom meeting တွေလုပ်၊ ဖောက်ခွဲဖျက်ဆီးမယ့် နေရာတွေ သတ်မှတ်ပေးပြီး ဖောက်ခွဲဖျက်ဆီးဖို့ အကြံပေး၊ အကြမ်းဖက်သမားတွေဆီ လက်နက်ခဲယမ်းတွေ ဝယ်ယူဖို့ ငွေကြေးထောက်ပံ့၊ UMCD ဆိုတဲ့အဖွဲ့နဲ့ပေါင်းပြီး USD သိန်း ၁၀၀၀ လောက်တန်တဲ့ လက်နက်ပြုလုပ်နိုင်တဲ့ 3D Printer ဝယ်ဖို့ အကြမ်းဖက်အဖွဲ့ NUG နဲ့ဆက်သွယ်ပြီး ငွေတောင်းခံ၊ USD ကိုဝယ် မြန်မာငွေနဲ့ အကြိမ်ကြိမ်လဲလှယ်ပြီး အကြမ်းဖက်အဖွဲ့တွေကို ငွေထောက်ပံ့စသဖြင့် အကြမ်းဖက်မှုမြောက်တဲ့ အကြမ်းဖက်ပြစ်မှုတွေ များစွာကျူးလွန်ခဲ့တယ်ဆိုတာကို တွေ့ရပါတယ်။

### ပြည်သူတွေရာနဲ့ချီ သေဆုံးဒဏ်ရာရနိုင်တဲ့ မြောက်မြားလွန်းတဲ့ လက်နက်ခဲယမ်း လူသတ်ပစ္စည်းများ

ဖမ်းဆီးရမိတဲ့လက်နက်တွေကိုလည်း ကြည့်လိုက်ပါဦး။ လွှတ်တော်ကိုယ်စားလှယ်ဟောင်းကြီး မောင်ကျော် (ခ) ဖြိုးဇေယျာသော်ဆီက သိမ်းဆည်းလိုက်တဲ့အရေအတွက်ဆိုရင် လက်နက်မျိုးစုံ ၂၁၇ လက်၊ ကျည်အိမ်မျိုးစုံ ၂၀၆ ခု၊ ကျည်မျိုးစုံအတောင့် ၁၃၇၆၀၊ ဗုံးသီးမျိုးစုံ ၃၂ လုံး၊ ရှေ့ထွက်မိုင်းခြောက်လုံး စသဖြင့်...များပြားပြီးပြင်းထန်တဲ့ လက်နက်ခဲယမ်းတွေကို တွေ့ရပါလိမ့်မယ်။ ရှေ့ထွက်မိုင်းတစ်လုံး ထိလိုက်ရင် လူရာနဲ့ချီပြီး သေကျေဒဏ်ရာရနိုင်ပါတယ်။ ဒီလောက်များပြားတဲ့အရေအတွက်ဟာ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်က သိုဝှက်ထားတဲ့ နေရာနှစ်နေရာမှာခွဲပြီး ဖမ်းမိတဲ့အရေအတွက်တွေသာ ဖြစ်ပါတယ်။

ဖမ်းဆီးမိပြီးမှ တရားခံက ဖော်ထုတ်လိုက်လို့ မိတဲ့လက်နက်ခဲယမ်းတွေလည်း အမြောက်အမြားရှိပါသေးတယ်။ ပစ္စတိုနှစ်လက်နဲ့ ၎င်းကျည် ၄၈ တောင့်၊ M16 ရှစ်လက်နဲ့ ၎င်းကျည် ၇၄ တောင့်၊ AK-47 ရှစ်လက်၊ MK 12 ၁၅ လက်၊ M4A1 ကာဘိုင် သုံးလက်၊ FcG9 သုံးလက်၊ စနိုက်ပါ နှစ်လက်၊ လက်လုပ်ပစ္စတို ၁၂၈ လက်၊ လက်လုပ်စိန်ပြောင်းခြောက်လက်၊ ၄၀ မမ ဗုံးသီး ၄၃ လုံး၊ မိုင်းမျိုးစုံ ၁၆ လုံး၊ လက်ပစ်ဗုံးမျိုးစုံ ၄၈ လုံး၊ လက်လုပ်မိုင်းမျိုးစုံ ၁၀၉၉ လုံး၊ မီးခိုးဗုံး ၆၁ လုံး စသဖြင့်... ယမ်းစိမ်း ယမ်းပြင်း ယမ်းပျော့ မျိုးစုံ၊ လက်လုပ်ယမ်း၊ ယမ်းကြိုး၊ ဒီတိုနေတာ၊ TNT ယမ်း၊ C4 ယမ်းနဲ့ Transistor ဘူးတွေ၊ စကားပြောစက်နဲ့ ကီးပက်ဖုန်းတွေ၊ ဆက်သွယ်ရေး အထိုင်စက်၊ မှန်ပြောင်း၊ ဂြိုဟ်တုဖုန်း၊ laptop၊ harddisk၊ နိုင်ငံကူးလက်မှတ်စာအုပ်နဲ့ စိတ်ကြွရူးသွပ်ဆေးတွေ၊ ဖောက်ခွဲဖျက်ဆီးမှုလုပ်မယ့်နေရာစာရင်း၊ လုပ်ကြံသတ်ဖြတ်ရမယ့်လူစာရင်းတွေ... စသဖြင့်... စသဖြင့် အသေအချာအကွက်ချစီစဉ်စီမံရေးဆွဲပြီးမှ အကြမ်းဖက်လုပ်ငန်းတွေ လုပ်ဆောင်ခဲ့ကြတယ်ဆိုတာ ထင်ရှားလှပါတယ်။

၎င်းကိုယ်တိုင် ဦးဆောင်ဖွဲ့စည်းထားတဲ့ အမည်နာမအမျိုးမျိုးနဲ့ နေရာဒေသ အခြေခံအကြမ်းဖက်အဖွဲ့အစည်းမျိုးစုံကိုလည်း ကြည့်ပါဦး... STF၊ SOF၊ HRD၊ YG Netward၊ UMCD၊ RF၊ UG၊ 44ST UG၊ YFA၊ တာမွေ ပကဖ၊ တောင်ဥက္ကလာ ပကဖ၊ သာကေတ ပကဖ၊ ဒဂုံမြောက်/ဒဂုံတောင် ပကဖ၊ လှိုင်သာယာ ပကဖ၊ လှိုင် ပကဖ၊ ကော့မှူး ပကဖ၊ ဒေါပုံ ပကဖ၊ မင်္ဂလာဒုံ ပကဖ စသဖြင့် အရောင်အသွေးစုံလင်လှတဲ့ များလွန်းလှတဲ့ အကြမ်းဖက်အဖွဲ့တွေ.... ဒီလိုအကြမ်းဖက်သူတွေကိုမှ ပြင်းပြင်းထန်ထန် အပြစ်ပေး အရေးမယူရင် ဘယ်လိုလူကို အပြစ်ပေးအရေးယူသင့်ပါသလဲ။ ဆန်းစစ်ကြည့်လို့ရပါတယ်။

နောက်တစ်ဦးဖြစ်တဲ့ ၈၈ ငြိမ်း/ပွင့် ဂျင်မီဆီက ဖမ်းဆီးမိတဲ့ လက်နက်တွေကတော့ AK- 47 ခြောက်လက်၊ M-16 ရှစ်လက်၊ ၁၂ ဗို့ နှစ်လက်၊ တူမီးတစ်လက်နဲ့ ကျည်အိမ်မျိုးစုံ ၁၈ ခုတို့ဖြစ်ပြီး ဒီလက်နက်တွေကို ဒဂုံမြို့သစ်မြောက်ပိုင်း ပင်လုံအိမ်ရာ မြနှင်းဆီလမ်းနေအိမ်ကနေ သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်ပါတယ်။ အပြစ်မဲ့အရပ်သား သေဆုံးရမှုကတော့ တပ်မတော်/ ရဲတပ်ဖွဲ့မပါ အနည်းဆုံး ၅၀ ကျော်လောက်အထိ ထိုကာလအတွင်းမှာ သေဆုံးခဲ့ကြကြောင်း သိရှိခဲ့ရပါတယ်။

### ဒီမိုကရေစီလိုလားသူသည် ဘယ်တော့မှ အကြမ်းဖက်သမားမဖြစ်

အားလုံးကို အထောက်အထား ခိုင်ခိုင်လုံလုံ သက်သေအထောက်အထား ပြည့်ပြည့်စုံစုံနဲ့ ချပြပြီးလည်းဖြစ်ပါတယ်။ ဒါကိုပဲ ငြင်းပယ်နေတဲ့သူ၊ ပြစ်ဒဏ်ပေးခံရသူတွေကို ဒီမိုကရေစီလိုလားသူတွေလို့ ပုံဖော်ပြီး စိတ်မကောင်း၊ ဝမ်းနည်းကြောင်းပြောပြီး စွပ်စွဲပုတ်ခတ်တဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်း၊ မီဒီယာတွေဟာ အကြမ်းဖက်အားပေးတဲ့သူတွေအဖြစ် တံဆိပ်ကပ်ခံရပါလိမ့်မယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးထွန်းကားတယ်ဆိုတဲ့ နိုင်ငံတွေမှာရော ယခုလိုသာ နိုင်ငံရဲ့အုပ်ချုပ်ရေးယန္တရားပျက်အောင်၊ ပြည်သူတွေ ငြိမ်းငြိမ်းချမ်းချမ်းမနေရအောင် သတ်ဖြတ်ဖောက်ခွဲဖျက်ဆီးနေသူတွေဆိုရင် ဘယ်လိုသဘောထားပါ့မလဲ.... သုံးသပ်စေလိုပါတယ်။

အမေရိကန်နိုင်ငံတစ်နိုင်ငံတည်းကိုပဲ လေ့လာကြည့်ရအောင်ပါ။ အခုနှစ် ဇူလိုင်လမှတ်တမ်းတစ်ခုအရ ၂၀၂၂ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်အထိ ပြည်နယ်လေးခုမှာ သေဒဏ်ပေးဖို့ စီရင်ချက်ချပြီး ၆၃ ဦးထိရှိထားတယ်လို့သိရပါတယ်။ ၂၀၂၂ ခုနှစ်ထဲ ဇန်နဝါရီလကနေ ဇွန်လအထိ ခြောက်ဦးကို ကွပ်မျက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ အနီးစပ်ဆုံး ၂၀၂၁ ခုနှစ်ထဲမှာလည်း ၁၁ ဦးကို သေဒဏ်အပြစ်ပေးစီရင်ခဲ့ပါတယ်။ ဒီလိုနိုင်ငံကြီးဆိုသူက သူများနိုင်ငံရဲ့တရားစီရင်ရေးစနစ်မှာ ဘာလို့များ ဝင်ရောက်စွက်ဖက်နေရပါလိမ့်။ စဉ်းစားရင်းနဲ့ ထိုနည်းတူ အင်္ဂလိပ်တွေ မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်စဉ်ကာလမှာကော မှတ်သားမိသမျှ ၁၉၃၀ ပြည့်နှစ် တောင်သူလယ်သမားအရေးတော်ပုံကစလို့ ၁၉၃၁-၃၂ ခုနှစ်အထိ သေဒဏ်ပေးခံရတဲ့ မြန်မာတွေ ၃၃၂ ဦးအထိ ရှိခဲ့ကြောင်းလည်း မှတ်သားမိပါတယ်။

စာမျက်နှာ ၇ သို့ ❖

> **သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိစမြဲဆိုသလို ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာခြင်းသာဖြစ်ပါတယ်။ အကြောင်းရှိလို့လည်း အကျိုးဆက်ကဖြစ်လာတာပါ။ ဝဋ်ဆိုတာလည်တတ်တယ်ဆိုတာ ပြလိုက်သလိုပါပဲ။ သူတို့ကို ပြစ်ဒဏ်စီရင်တာကမှ စစ်ခုံရုံးဆိုတာရှိသေးပြီး အယူခံဝင်လို့ရပါသေးတယ်။ အကြမ်းဖက်ဘယ်သူဘယ်ဝါလက်ချက်မှန်းမသိ ဘယ်တရားရုံးကိုမှ မတက်လိုက်ရဘဲ ရုတ်တရက်အသတ်ခံရလို့ သေဆုံးသွားရသူတွေ ထောင်နဲ့ချီပြီးရှိနေပါပြီ။ သူတို့မှာလည်း အသက်တွေ၊ ဘဝတွေနဲ့ မိသားစုတွေ ရှိပါတယ်။ တကယ်တော့ ကျွန်တော်တို့လူ့ဘောင်မှာ ကိုယ်ချင်းစာ သနားငဲ့ညှာတတ်ဖို့တွေ အများကြီးလိုအပ်နေဆဲဖြစ်**

# PDF အမည်ခံ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှုအန္တရာယ်မှ တိမ်းရှောင်လာကြသူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် ဇူလိုင် ၃၀

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှုအန္တရာယ်မှ တိမ်းရှောင်လာကြသူများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ဇူလိုင် ၂၉ ရက် ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိ မြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ PDF အမည်ခံအကြမ်းဖက်သမားများ၏ ခြိမ်းခြောက်အကြမ်းဖက်သတ်ဖြတ်မှု




အန္တရာယ်မှ တိမ်းရှောင်လာကြသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိခရိုင်အတွင်း၌ လာရောက်တိမ်းရှောင်လာသူ အိမ်ထောင်စု ၁၁၅ စုအတွက် ဆန်၊ ဆီ၊ ကုလားပဲများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ လာရောက်တိမ်းရှောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လာရောက်တိမ်းရှောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ လာရောက်တိမ်းရှောင်သူ အိမ်ထောင်စု ၁၁၅ စုအတွက် တိုင်းစစ်ဌာနချုပ်မှ အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီတစ်ပိဿာ၊ ဆားတစ်ပိဿာနှင့် ကုလားပဲတစ်ပိဿာနှုန်းဖြင့် လည်းကောင်း၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေ တစ်အိမ်ထောင်လျှင် ကျပ် ၆၀၀၀ နှုန်းဖြင့် လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဇူလိုင် ၃၀

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၅)နှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၄၈၂၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၁၆၀၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ဒေသခံပြည်သူ ၆၀၄၉ ဦး



တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၆၈ ဦးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် နှစ်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၃၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၃၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

## စီရင်ထိုက်သည်ကို စီရင်ခြင်းသာဖြစ်

ပြစ်ဒဏ်စီရင်ချက်ချင်းအတူတူ ဘာကြောင့် NLD ပါတီဝင်နဲ့ ၈၈ အဟောင်းနှစ်ယောက်ကို အခြားသူနှစ်ဦးထက် ပိုပြီးစာနာနေကြရပါသလဲ။ ဒီနှစ်ယောက်ထဲမှာရော တော်လှန်ရေးအတွက် ပေးဆပ်တာချင်းအတူတူ ဘာကြောင့် NLD ဝင်ဟောင်းကို ပိုပြီးဦးစားပေးနေကြပါသလဲ။ ပိုပြီးသတိထားလေ့လာရင် ဆက်စပ်မှုသဘောတရားတွေကို ပိုပြီးမြင်နိုင်လာပါလိမ့်မယ်။ သတိထားမိတာ တစ်ခုရှိပါတယ်။ အခု ပြစ်ဒဏ်ချမှတ် အပြစ်ပေးစီရင်တဲ့ ပုံစံက စီရင်ထိုက်သူကို စီရင်ခဲ့ခြင်းသာဖြစ်ပါတယ်။ လူသတ်အကြမ်းဖက်မှုတွေနဲ့ တိုက်ရိုက်ဆက်စပ်ပတ်သက်နေသူတွေကိုသာ စီရင်နေတာဖြစ်ပါတယ်။ ဖမ်းဆီးထားသူတိုင်းကိုလည်း ဒီလိုပုံစံမျိုးသွားနေတာမဟုတ်ပါဘူး။ သူ့အပြစ်နဲ့သူသာလျှင် ဖြစ်ပါတယ်။

အပြင်းထန်ဆုံး၊ အထိရောက်ဆုံး ပြစ်ဒဏ်စီရင်ချက်ချခြင်းဆိုတဲ့ သတင်းစကားတွေဟာ တကယ်တော့ စိတ်မကောင်းစရာ၊ ပျော်စရာမဟုတ်မှန်းလည်း သိပါတယ်။ သို့ပေမယ့် ဒီလိုစီရင်ချက်ဟာ လိုအပ်လို့လုပ်တာပဲ ဖြစ်ကောင်းဖြစ်မှာပါ။ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာတိုင်းပြည်တစ်ခုပါ။ မြန်မာလူမျိုးတွေဟာ နောင်သံသရာအရေးကို ထည့်သွင်းစဉ်းစားပြီးမှ လုပ်လေ့လုပ်ထရှိကြပါတယ်။ လိုအပ်လို့ စိတ်မချမ်းသာစွာနဲ့ အများအေးချမ်းသာယာရေးအတွက်၊ အပြစ်မရှိဘဲ လုပ်ကြံသတ်ဖြတ်ခံရသူတွေနဲ့ ဆွေမျိုးသားချင်းတွေအတွက် မလွှဲမရှောင်သာဘဲ ဦးစားပေးပြီး လုပ်လိုက်ရတာပဲဖြစ်မှာပါ။ အသတ်ဖြတ်ခံရသူတွေရဲ့ စိတ်ဒုက္ခသောကတွေအတွက် တရားမျှတမှုတစ်ခုပေးလိုက်ခြင်းလို့လည်း ဆိုနိုင်ပါတယ်။ အခုလိုဖမ်းဆီးမိပြီး လက်နက်အမြောက်အမြားသိမ်းဆည်းမိလိုက်တာကပဲ ရန်ကုန်သူ ရန်ကုန်သားတွေအတွက် အများကြီးကံကောင်းသွားတယ်လို့ပဲ မှတ်ယူရပါတယ်။ မိများမမိရင် နောက်ဆက်တွဲ အဆုံးအရှုံးတွေများစွာ ရှိလာနိုင်တယ်ဆိုတာတွေးရုံနဲ့ပင် သိနိုင်ပါလိမ့်မယ်။

သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိစမြဲ ဆိုသလို ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာခြင်းသာဖြစ်ပါတယ်။ အကြောင်းရှိလို့လည်း အကျိုးဆက်က ဖြစ်လာတာပါ။ ဝဋ်ဆိုတာ လည်တတ်တယ်ဆိုတာ ပြလိုက်သလိုပါပဲ။ အကြမ်းဖက်မှုကို အကြမ်းဖက်ဥပဒေကသာ စီရင်လိုက်ခြင်းဖြစ်ပါတယ်။ သူတို့ကို ပြစ်ဒဏ်စီရင်တာကမှ စစ်ခုံရုံးဆိုတာရှိသေးပြီး အယူခံဝင်လို့ရပါသေးတယ်။ အကြမ်းဖက်ဘယ်သူဘယ်ဝါ လက်ချက်မှန်းမသိဘယ်တရားရုံးကိုမှ မတက်လိုက်ရဘဲ ရုတ်တရက်အသတ်ခံရလို့ သေဆုံးသွားရသူတွေ ထောင်နဲ့ချီပြီးရှိနေပါပြီ။ သူတို့မှာလည်း အသက်တွေ၊ ဘဝတွေနဲ့ မိသားစုတွေရှိပါတယ်။ တကယ်တော့ ကျွန်တော်တို့လူ့ဘောင်မှာ ကိုယ်ချင်းစာ သနားငဲ့ညှာတတ်ဖို့တွေ အများကြီးလိုအပ်နေဆဲဖြစ်ကြောင်း သက်သေပြလိုက်သလိုပါပဲ။

ဘာပဲဖြစ်ဖြစ်လေ... ဒလန်လို့ စွပ်စွဲခံရပြီး အပြစ်မရှိဘဲ အနိုင်အထက်ပြုကျင့်ခံရ၊ သတ်ဖြတ်ခံခဲ့ရသူတွေရဲ့ ကျန်ရစ်သူမိဘဆွေမျိုး ညီအစ်ကိုအပေါင်းတို့ကတော့ ပေးဆပ်ခဲ့ရသူတွေအတွက် တစ်စုံတစ်ရာသော တရားမျှတမှုတစ်ခုကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီလို့ ဆိုသူက ဆိုရမှာပါ။ ဒီလိုတရားမျှတမှုကို လိုလားသူတွေလည်း အမြောက်အမြား ရှိနေဆဲပါ။ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုကတော့ ရှိစမြဲပဲဖြစ်ပြီး နောက်ဆုံးတော့ တရားသဘောအတိုင်းသာ သံဝေဂယူနိုင်ကြဖို့ပဲ ရှိပါတော့တယ်ဗျာ...။ ။

# မော်လမြိုင်မြို့၌ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**မော်လမြိုင် ဇူလိုင် ၃၀**

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် မော်လမြိုင်မြို့ရှိ အများပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရန်၊ အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်၍ မြို့အဝင် မြို့တွင်းလမ်းများနှင့် ကမ်းနားလမ်း ရေပေါ်ညဈေးတို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



"ဘားအံမြို့နဲ့ ကျိုက်မရောမြို့ကနေ မော်လမြိုင်မြို့ကိုလာမယ်ဆိုရင် ၂ မိုင် ၇ ဖာလုံရှိတဲ့ ဖက်ခင်းလမ်းက မော်လမြိုင်မြို့ရဲ့ ဝင်ပေါက်ဖြစ်သလို ကုန်စည်စီးဆင်းရာမှာလည်း အဓိက အချက်အချာကျတဲ့ လမ်းလည်းဖြစ်ပါတယ်။ နေ့စဉ် ယာဉ်ကြီး၊ ယာဉ်ငယ်တွေ မြို့ကိုအဝင်အထွက်များတဲ့အတွက် ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ဖို့နဲ့ ကုန်စည်တွေကို မြန်မြန်ဆန်ဆန် သယ်ယူပို့ဆောင်နိုင်ဖို့အတွက် မူလ လမ်းအကျယ် ၂၄ ပေရှိတဲ့ ကတ္တရာလမ်းကို အခုဆိုရင် လမ်းအကျယ် ၃၆ ပေရှိတဲ့ နိုင်လွန်ကတ္တရာလမ်းအဖြစ် တိုးချဲ့ထားပါတယ်"ဟု မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်က ပြောသည်။

မော်လမြိုင်မြို့ဝင် ဟသ်္သာအဝိုင်းတွင်ရှိသည့် ရေမြောင်းပလက်ဖောင်းတည်ဆောက်ခြင်း၊ free Lane များတည်ဆောက်ခြင်း၊ Land scape များတည်ဆောက်ခြင်းတို့ကို ယခုဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက "တောင်ဝိုင်းလမ်းက မော်လမြိုင်တက္ကသိုလ်ရဲ့ အဓိကလမ်းမကြီးဖြစ်သလို တောင်ညို တောင်ခြေရိုးမှာရှိတဲ့ ဘုရားစေတီတွေကိုသွားတဲ့ လမ်းမကြီးလည်းဖြစ်တယ်၊ တက္ကသိုလ်မှာ ပညာသင်ကြားနေတဲ့ ကျောင်းသားကျောင်းသူတွေနဲ့ ဒေသခံပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ဖို့ ရည်ရွယ်ပြီး မူလလမ်းအကျယ် ၂၄ ပေကနေ အခုဆိုရင် လမ်းအကျယ် ၃၆ ပေအထိ တိုးချဲ့ဆောင်ရွက်ထားပါတယ်" ဟု ပြောသည်။

အဆိုပါ တောင်ဝိုင်းလမ်း အရှည်ပေ ၄၃၅၃ ပေကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဖြစ်သော်လည်း နာဂဝံသချောင်းထိပ်မှ ဈေးချိုဝိုင်းအထိ ကျန်ရှိသည့် လမ်းပိုင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့တွင်းလမ်းများကဲ့သို့ ကမ်းနားလမ်း ရေပေါ်ညဈေးကိုလည်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကမ်းနားလမ်း ရေပေါ်ညဈေး အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက "ယခင်ညဈေးတန်းရဲ့ ကမ်းနားလမ်းပေါ်မှာရှိတဲ့ Slab ဇရိယာပေါ်မှာ Welcome Mawlamyine စာလုံးပုံဖော်ပြီး Green Night ကျောက်အခင်းအလှဆင်မှု၊ ကိုယ်လက်လှုပ်ရှားကျန်းမာရေးအတွက် အားကစားပစ္စည်းများ တပ်ဆင်မှု၊ tennis floor paint အဆင့်မြှင့်တင်မှု၊ အလှမီးများ တပ်ဆင်မှုနဲ့ မူလလျှောက်လမ်းမှာရှိတဲ့ ကြမ်းခင်းကို Clay tile တွေနဲ့ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

အဆိုပါ ကမ်းနားလမ်း ရေပေါ်ညဈေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဇွန် ၇ ရက်မှ စတင်၍ တည်ဆောက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက်တွင် လုပ်ငန်းများအားလုံး ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်း**

# ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း ဇူလိုင် ၃၀**

နေရပ်ပြန်မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီးပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသား အမျိုးသား ၁၀၉ ဦး၊ အမျိုးသမီး ၆၃ ဦး စုစုပေါင်း အလုပ်သမား ၁၇၂ ဦး ယမန်နေ့မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံကော့သောင်းမြို့ တာဝန်ရှိအဖွဲ့အစည်းများထံသို့ ရေလမ်းခရီးမှ လာရောက်လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလတစ်လျှောက် အကြောင်းအမျိုးမျိုးဖြင့် ထိုင်းနိုင်အတွင်းပိတ်မိနေသူများနှင့် အရေးယူခံနေခဲ့ရသူများဖြစ်ကာ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများကို ကော့သောင်းခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနနှင့် ဌာနဆိုင်ရာများ၊NGO အဖွဲ့အစည်းများက ကိုဗစ်-၁၉ရောဂါ ကူးစက်မှုသံသယရှိသူများ ပါဝင်လာခြင်းရှိ မရှိ၊ မြန်မာနိုင်ငံသား မဟုတ်သူများပါဝင်လာခြင်း ရှိ မရှိ၊ မူးယစ်ဆေးဝါးသယ်ဆောင်လာခြင်း ရှိ၊ မရှိ သတိပြုစစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြန်လည်ဝင်ရောက်လာသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူများကို တတိယအကြိမ် ဘိုစတာထပ်ဆောင်းထိုးနှံပေးပြီး မိမိတို့နေရပ်အသီးသီးသို့ချက်ချင်း ပို့ဆောင်ပေးသွားမည်ဖြစ်ကာ ကာကွယ်ဆေးလုံးဝမထိုးနှံရသေးသူနှင့် တစ်ကြိမ်သာထိုးနှံထားသူများကို ရောဂါပိုးစစ်ဆေးမှုများဆောင်ရွက်ပြီး ကော့သောင်းမြို့ရှိ Quarantine Center သုံးခုတွင် အမျိုးသားအမျိုးသမီး သီးခြားစီခွဲခြားထားရှိအထူးကြပ်မတ်ကာ သုံးရက် အသွားအလာကန့်သတ်ထားရှိ စောင့်ကြည့်စစ်ဆေးပြီး ရောဂါပိုးတွေ့ရှိခြင်း မရှိမှသာ မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




**ကျော်စိုး(ကော့သောင်း)**

# ခွာနာလျှာနာရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင်ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါသည် ဗိုင်းရပ်စ် ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့်ဝက်များတွင် အဆိုပါရောဂါ ဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေး ပုံမှန်ထိုးနှံရန်၊
(၂) နာမကျန်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို လွှတ်ကျောင်းခြင်း၊ အခြား ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များနှင့် ရောနှောခြင်းမပြုရန်၊
(၃) မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ပုံမှန်ဆောင်ရွက်ရန်၊
(၄) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များ အသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၅) ဝယ်ယူသည့်ကျွဲ၊ နွား သိုး၊ ဆိတ်နှင့် ဝက်အသစ်များကို မိမိခြံရှိတိရစ္ဆာန်များနှင့် အတူထည့်သွင်း မွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှမွေးမြူရန်၊
(၆) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ လူ၊ ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၇) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊
(၈) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/PC-3) ရယူရန်၊
(၉) မိမိတို့မွေးမြူထားသော ကျွဲ၊နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စွမ်းရည်မြှင့်သင်တန်းများ ပို့ချနေစဉ်။

**(ယမန်နေ့မှအဆက်)**

**Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေး**က ယခုရက်ပိုင်းအတွင်း အစွန်းရောက်အကြမ်းဖက်ပါတီ NLD က ယခုလက်ရှိ တာဝန်ယူဆောင်ရွက်နေသည့် UEC ကို တရားမဝင်ကြောင်း၊ ကျင်းပမည့်ရွေးကောက်ပွဲကိုလည်း ၎င်းတို့အနေဖြင့် လက်မခံနိုင်ဟု ထုတ်ပြန်ထားကြောင်း၊ အဆိုပါထုတ်ပြန်ချက်အပေါ် UEC အနေဖြင့် မည်ကဲ့သို့ သဘောထားမှတ်ချက်ပေးလိုသည်ကို သိလိုကြောင်းနှင့် ၎င်းတို့၏ပြောဆိုချက်မှာ ဥပဒေနှင့်ညီညွတ်မှုရှိ၊ မရှိကို သုံးသပ်ပြောကြားပေးစေလိုကြောင်း မေးမြန်းသည်။

**အွန်လိုင်းထုတ်ပြန်ချက်ဖြစ်သဖြင့် အတည်ပြုနိုင်ခြင်းမရှိသေး**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ယခုရက်ပိုင်းတွင် Social Media အွန်လိုင်း၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဆိုသည့် အမည်ဖြင့် သတင်းထုတ်ပြန်ချက်ထုတ်ပြန်ခဲ့သည်ကို တွေ့ရကြောင်း၊ သို့သော် ယင်းထုတ်ပြန်ချက်မှာ အွန်လိုင်းထုတ်ပြန်ချက်ဖြစ်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အတည်ပြုနိုင်ခြင်းမရှိသေးကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံရေးပါတီများကို စစ်ဆေးလျက်ရှိကြောင်း၊ ထိုသို့စစ်ဆေးရာတွင် တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီရှိသည့်အနက် ၈၅ ပါတီကို စစ်ဆေးပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီ ခုနစ်ပါတီကို စစ်ဆေးရန်ကျန်ရှိနေသေးကြောင်း၊ ထိုနိုင်ငံရေးပါတီ ခုနစ်ပါတီတွင် NLD ပါတီလည်း အပါအဝင်ဖြစ်ကြောင်း၊ NLD ပါတီကို စစ်ဆေးရာတွင် ပါတီတွင် အဓိကတာဝန်ရှိသူများဖြစ်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင်ပါဝင်သည့် ပုဂ္ဂိုလ်တချို့သည် ဖမ်းဆီးထိန်းသိမ်းခံနေရကြောင်း၊ တချို့မှာ ထွက်ပြေးနေပြီး တချို့မှာတိမ်းရှောင်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဆက်သွယ်သော်လည်း ဆက်သွယ်၍မရသေးကြောင်း၊ အဆိုပါပါတီကို စစ်ဆေးရန်အတွက် ဆက်သွယ်ဆောင်ရွက်ဆဲအနေအထားတွင်သာရှိနေသေးသည်ဟုပြောလိုကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့်ပြောလိုသည်မှာ အွန်လိုင်းပေါ်တွင် ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်ကို အတည်ပြု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တစ်ဖက်သတ်ဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်မည်ဆိုပါက တရားမျှတမှုရှိနိုင်မည်မဟုတ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ပါတီကိုစစ်ဆေး၍ အတည်ပြုပြီးမှသာလျှင် ဥပဒေနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**One News သတင်းဌာနမှ ထုတ်လုပ်သူ ဦးသွင်ထူးအောင်**က ယခုမေးမြန်းသည့်မေးခွန်းမှာ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရပ်ရပ်ကို သုံးသပ်၍မေးမြန်းခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကို သေချာပေါက်ကျင်းပနိုင်ခြင်း ရှိ၊ မရှိ သိလိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း စုံစုံလင်လင်ပါဝင်ယှဉ်ပြိုင်နိုင်မှု ရှိ၊ မရှိ သိလိုကြောင်း၊ မည်ကဲ့သို့သော အခက်အခဲများ ရှိလာနိုင်သည်ကိုသိလိုကြောင်းနှင့် မည်ကဲ့သို့သော စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတင်းထောက်ကြီး ယခုမေးမြန်းသည့်မေးခွန်းတွင် အပိုင်းသုံးပိုင်းပါဝင်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင်ပါဝင်သည့် လုပ်ငန်းစဉ်(၁)နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစဉ်(၅)တွင် ပါဝင်သည့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ဆဲနိုင်ငံရေးပါတီများကိုလည်း ဥပဒေနှင့်အညီစစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ လေးကြိမ် တွေ့ဆုံခဲ့ကြောင်း၊ ထိုကဲ့သို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံရေးပါတီအများစု တက်ရောက်ခဲ့ကြပြီး ရွေးကောက်ပွဲစနစ်အပါအဝင် အခြားကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ ထို့အတူ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေအသစ်ပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆောင်ရွက်ထားကြောင်း၊ အဆိုပါဥပဒေ၊ နည်းဥပဒေအသစ် ပြဋ္ဌာန်းထုတ်ပြန်ပြီးပါက နိုင်ငံရေးပါတီများ ထပ်မံတိုးပွားလာမည့် အနေအထားရှိနိုင်သည်ဟုလည်း သုံးသပ်ထားကြောင်း၊ ထိုအခြေအနေများအပေါ်မူတည်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်အားနည်းချက်များကို သုံးသပ်၍ ဥပဒေမူဘောင်အရ လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ မဲစာရင်းများအပါအဝင် အခြားလိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ သတ်မှတ်ထားသည့်ရည်မှန်းချက်များအတိုင်း လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့ရပါကလည်း ထိုအခက်အခဲများကို အောင်အောင်မြင်မြင် ကျော်ဖြတ်၍ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူလူထုအပါအဝင် ဌာနဆိုင်ရာအားလုံးနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံသတင်းဌာနမှ အယ်ဒီတာ ဒေါ်ခိုင်စံပယ်ဦး**က ယခုလက်ရှိကာလကို ရွေးကောက်ပွဲအကြိုကာလအဖြစ်သတ်မှတ်၍ UEC က ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေသည်ဟု ပြောကြားထားကြောင်း၊ အောက်ခြေမှပြည်သူအများစုဖြစ်ကြသည့် အခြေခံလူတန်းစားများက “ရွေးကောက်ပွဲဖြစ်လာမှာ မဟုတ်ပါဘူး၊ အာဏာသိမ်းလိုက်ပါလိမ့်မယ်၊ ဒါတွေကဟန်ပြပြီးလုပ်နေတာဖြစ်တယ်” ဟု ပြောနေကြကြောင်း၊ ထိုကဲ့သို့ပြောဆိုနေမှုများနှင့်ပတ်သက်၍ မည်ကဲ့သို့ရှင်းပြနိုင်မည်ကို သိလိုကြောင်း မေးမြန်းသည်။

**လုပ်ငန်းစဉ်(၁)အတိုင်း ဆောင်ရွက်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတင်းထောက်ကြီး ယခုမေးမြန်းသည့်မေးခွန်းကို ပြန်လည်ဖြေကြားရမည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အားလုံးသိကြသည့်အတိုင်း မဲစာရင်းမှားယွင်းမှု ပမာဏကြီးမားစွာဖြစ်ပေါ်ခဲ့ကြောင်း၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုဖြစ်စဉ်များကို ယခင်အစိုးရနှင့် ယခင်ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈(က) အရ နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်ခဲ့ရကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုလုပ်ငန်းစဉ် (၅) ရပ်တွင် ပါဝင်သည့် လုပ်ငန်းစဉ်(၁)အတိုင်း မိမိတို့ဆောင်ရွက်နေကြောင်း၊ လုပ်ငန်းစဉ်(၅)နှင့်အညီ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို နှစ်ပတ်တစ်ကြိမ်ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းတင်ပြလျက်ရှိကြောင်း၊ သတင်းထောက်ကြီးမေးမြန်းခဲ့သည့် လူအများစုက ပြောသည်ဆိုသည့်ကိစ္စကို ပြောရလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)နှင့်အညီ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ရည်မှန်း၍ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Public Press သတင်းဌာနမှ အယ်ဒီတာ ကိုခန့်**က လာမည့် ၂၀၂၃ ခုနှစ်တွင် ရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်သွားမည်ဟု သိရှိရကြောင်း၊ UEC အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်းကို သတ်မှတ်သွားမည်ဟုသိရကြောင်း၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် စသည့်လွှတ်တော်သုံးရပ်တွင် ဝင်ရောက်ယှဉ်ပြိုင် ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏အရည်အချင်းကို မည်ကဲ့သို့ သတ်မှတ်ထားသည်ကိုသိလိုကြောင်း၊ လွှတ်တော်သုံးရပ်တွင် ဝင်ရောက်ယှဉ်ပြိုင် ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်းကို UEC က မည်သည့်ပညာအရည်အချင်းသည် မည်သည့်လွှတ်တော်သို့ ပါဝင်ယှဉ်ပြိုင်ရကြောင်း၊ ဘွဲ့ရဖြစ်ပါကလည်း မည်သည့်ဘွဲ့ဖြစ်ရမည်၊ ပြည်တွင်းဘွဲ့၊ ပြည်ပဘွဲ့ စသည်ဖြင့် သတ်မှတ်ထားသည်ကို နိုင်ငံရေးပါတီများက ၎င်းတို့၏ ကိုယ်စားလှယ်လောင်းများ ရွေးချယ်နိုင်ရန်အတွက် ကြိုတင်အကြောင်းကြားရန် အစီအစဉ် ရှိ၊ မရှိသိလိုကြောင်း မေးမြန်းသည်။

**အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးသွားမည်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတင်းထောက်ကြီး ယခုမေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ ယခင်သတင်းစာရှင်းလင်းပွဲများတွင်လည်း မိမိအနေဖြင့် တစ်ကြိမ်ဖြေကြားခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများနှင့် လွှတ်တော်သက်တမ်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကိုယ်စားလှယ်လောင်းများ၏အနေအထားကို ဆန်းစစ်လေ့လာခဲ့ကြောင်း၊ အလားတူ နိုင်ငံရေးပါတီများကို စစ်ဆေးရာတွင်တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များကိုလည်း သုံးသပ်ခဲ့ကြောင်း၊ ထိုကဲ့သို့သုံးသပ်ပြီးမှသာလျှင် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ၏ အရည်အချင်းကို သတ်မှတ်ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများတွင် ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းအပါအဝင် လိုအပ်သည်များကို အသစ်ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်ကိုလည်း ယခင်သတင်းစာရှင်းလင်းပွဲများတွင် မိမိအနေဖြင့် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် ရှိသင့်ရှိထိုက်သည့် ပညာအရည်အချင်းကို သတ်မှတ်နိုင်ရန်အတွက် လျာထား၍ ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းထောက်ကြီး မေးမြန်းခဲ့သည့်မေးခွန်းနှင့်ပတ်သက်၍ မိမိပြောလိုသည်မှာ ဒေသများမတူညီသည့်အတွက် တိုင်းရင်းသားဒေသများမှ ကိုယ်စားလှယ်များအတွက်ဆိုပါက ဖြစ်သင့်ဖြစ်ထိုက်သည့် အတိုင်းအတာတစ်ခု သတ်မှတ်မည်ဖြစ်ကြောင်း၊ စဉ်းစားသုံးသပ်၍ ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ အတည်ပြုပြဋ္ဌာန်းနိုင်သည့် အခြေအနေသို့ မရောက်သေးကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးစီးပါက ထုတ်ပြန်သည့်အချိန်တွင် သက်ဆိုင်ရာနိုင်ငံရေးပါတီများနှင့် ပြည်သူများအားလုံး သိရှိနိုင်ရန်အတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အသိပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ဘူးလက်နယူးဂျာနယ်မှ ထုတ်ဝေသူ ဦးလှဆွေ**က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့်ပတ်သက်သည့် မေးခွန်းတစ်ခုမေးမြန်းထားကြောင်း၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲ ငါးကြိမ်ပြုလုပ်ခဲ့ပြီး အထွေထွေရွေးကောက်ပွဲ သုံးကြိမ်၊ ကြားဖြတ် ရွေးကောက်ပွဲ နှစ်ကြိမ်ပြုလုပ်ခဲ့ရာ ယင်းရွေးကောက်ပွဲပြုလုပ်သည့် အကြိမ်တိုင်းတွင် ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများသည် မဲရုံမှူးပြုလုပ်ခဲ့ကြောင်း ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲအရေအတွက် ၁၂ သန်းကွာခြားခဲ့ကြောင်း၊ **စာမျက်နှာ ၁၀ သို့** ❐

❐ **စာမျက်နှာ ၉ မှ**

ယင်းမဲကွာခြားချက်များမှာ အဆိုးရွားဆုံးမဲကွာခြားချက်များဖြစ်ပြီး မဲရုံမှူးပြုလုပ်သည့် ဆရာ ဆရာမများလည်း အရေးယူခံခဲ့ရသည်များရှိကြောင်း၊ ၎င်းတို့၏ ဘက်လိုက်မှုများ မည်မျှများသွားခဲ့သည်ဆိုလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ကို တာဝန်ယူလိုက်သည့်အချိန်တွင် CDM ပြုလုပ်ခဲ့သည့် ဝန်ကြီးဌာနများတွင် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများက ရာခိုင်နှုန်းအများဆုံးဖြစ်သည်ကို တွေ့ရကြောင်း၊ သို့သော် နိုင်ငံတော်အပေါ်သစ္စာရှိစွာ၊ ကျောင်းသား ကျောင်းသူများအပေါ် သစ္စာရှိစွာ စာသင်သည့် ဆရာ ဆရာမများမှာလည်း Non–CDM လုပ်၍ အသတ်ခံရသူများစွာရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ၎င်းဆရာ ဆရာမများနှင့် ပညာရေးဝန်ကြီးဌာနတစ်ခုတည်းကိုပင် မဲရုံမှူးဆက်လက်ခန့်အပ်ရန် စီစဉ်ထားခြင်း ရှိ၊ မရှိ သို့မဟုတ် ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် ဥပမာ လဝကဝန်ကြီးဌာနဆိုလျှင် မဲစာရင်းများပြုစုရာတွင် ထဲထဲဝင်ဝင်လုပ်ဆောင်နေသည့်ဝန်ကြီးဌာနဖြစ်ခြင်းကြောင့် ယင်းဝန်ကြီးဌာနကိုခေါင်းတည်ပြီး အခြားမီးသတ်၊ ကြက်ခြေနီတို့ကဲ့သို့အဖွဲ့များဖြင့် စုပေါင်းဆောင်ရွက်သွားပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ထိန်းကျောင်းဆောင်ရွက်သွားမည်ဆိုပါက မဲမသမာမှုများမဖြစ်နိုင်ဟု မိမိအနေဖြင့် ထင်မြင်မိကြောင်း၊ ထို့ကြောင့်လာမည့်ရွေးကောက်ပွဲတွင် ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများကို မဲရုံမှူးများအဖြစ် ခန့်အပ်ထားရှိမည့် အစီအစဉ် ရှိ၊ မရှိ မေးမြန်းသည်။

**မဲရုံမှူးများခန့်ရာတွင် သတ်မှတ်ချက်များရှိ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က မဲရုံမှူးများခန့်ရာတွင် သတ်မှတ်ချက်များရှိကြောင်း၊ သို့သော် ကျောင်းဆရာ ဆရာမဆိုသည့် သတ်မှတ်ချက်ဟုသီးသန့်မရှိကြောင်း၊ မဲရုံမှူး၊ ဒုမဲရုံမှူးတာဝန်များကို နိုင်ငံ့ဝန်ထမ်းများကို ခန့်အပ်ရန်၊ ကျန်သည့်မဲရုံအဖွဲ့ဝင်များအား နိုင်ငံ့ဝန်ထမ်းများသာမက သက်ဆိုင်ရာ မဲဆန္ဒနယ်မဲစာရင်းများတွင်ပါပြီး အများယုံကြည်၍ လုပ်ကိုင်နိုင်သူများကိုခန့်အပ်နိုင်ကြောင်း၊ သို့သော် ပြီးခဲ့သည့်အတွေ့အကြုံများအရ ဆရာ ဆရာမများသည် လူဦးရေများခြင်း၊ ပျံ့နှံ့မှုအနေဖြင့်လည်း ရပ်ကွက်/ကျေးရွာများအထိ လုပ်ကိုင်ဆောင်ရွက်ရာတွင် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၁၇၀၀၀ ကျော်ရှိပြီး မဲရုံပေါင်း ၄၀၀၀၀ ခန့်ရှိကြောင်း၊ ထိုမဲရုံများအတွက်ဆောင်ရွက်ရာတွင် အင်အားများပြားသည့် ကျောင်းဆရာ ဆရာမများကို အစဉ်အလာအရ မဲရုံမှူးအဖြစ်ခန့်အပ်သည့် အနေအထားဖြစ်နေကြောင်း၊ သို့သော် ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်လာသည့်ဖြစ်စဉ်များ အပေါ်သုံးသပ်ရာတွင် အများစုမှာ လုပ်ဆောင်မှုမှန်သော်လည်း တချို့မဲရုံမှူးအပိုင်းတွင် အားနည်းချက်များ၊ ဥပဒေချိုးဖောက်မှုများရှိခဲ့ခြင်းကြောင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများရှိကြောင်း၊ ထို့ကြောင့် ယင်းအခြေအနေများကိုသုံးသပ်ပြီး နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ကျောင်းဆရာ ဆရာမများသာမက ဥပဒေနှင့်အညီ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အခြားအကြံပြုထားသည့် ဝန်ထမ်းများအပါအဝင် အားလုံးခြုံငုံသုံးသပ်၍ မဲရုံမှူး/မဲရုံအဖွဲ့ဝင် တာဝန်များကို ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေ့ဝန်းသတင်းဌာနမှ အယ်ဒီတာချုပ် ဦးမိုးဟိန်း**က မေးခွန်းမတိုင်မီ လက်ရှိနိုင်ငံအနေအထားကို အနည်းငယ်ပြောလိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မီဒီယာကို မီဒီယာနှင့်တိုက်၊ ငွေမျောလျှင်ငွေနှင့်လိုက်၊ ပြည်ပဝါဒဖြန့်ချက်များကို မိမိဝါဒဖြန့်ချက်နှင့် ပြန်တိုက်ဆိုသည့်မူအတိုင်း မိမိအနေဖြင့် ကြွေးကြော်သံတစ်ခုစတင်လိုကြောင်း၊ "ပြည်ထောင်စု မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေးကို ကြံစည်နေသည့် NLD အစွန်းရောက်ပါတီ၊ NUG တရားမဝင်အစိုးရ၊ CRPH နှင့် အကြမ်းဖက်သမားများ ကျဆုံးပါစေ၊ မြန်မာ့တပ်မတော်ကြီး အစွန့်ရှည်ပါစေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစွန့်ရှည်ပါစေ"

**❛ မဲရုံမှူးများခန့်ရာတွင် သတ်မှတ်ချက်များရှိကြောင်း၊ သို့သော် ကျောင်းဆရာ ဆရာမဆိုသည့်သတ်မှတ်ချက်ဟု သီးသန့်မရှိကြောင်း၊ မဲရုံမှူး၊ ဒုမဲရုံမှူးတာဝန်များကို နိုင်ငံ့ဝန်ထမ်းများကို ခန့်အပ်ရန်၊ ကျန်သည့်မဲရုံအဖွဲ့ဝင်များအား နိုင်ငံ့ဝန်ထမ်းများသာမက သက်ဆိုင်ရာမဲဆန္ဒနယ်မဲစာရင်းများတွင်ပါပြီး အများယုံကြည်၍ လုပ်ကိုင်နိုင်သူများကို ခန့်အပ်နိုင်ကြောင်း၊ သို့သော် ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်လာသည့်ဖြစ်စဉ်များအပေါ်သုံးသပ်ပြီး နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ကျောင်းဆရာ ဆရာမများသာမက ဥပဒေနှင့်အညီ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အခြားအကြံပြုထားသည့် ဝန်ထမ်းများအပါအဝင် အားလုံး ခြုံငုံသုံးသပ်၍ မဲရုံမှူး/မဲရုံအဖွဲ့ဝင်တာဝန်များကို ပေးအပ်ဆောင်ရွက်သွားမည် ❜**

ပြည်ထောင်စုကိုကာကွယ်နေသည့် တပ်မတော်သားများနှင့် ပြည်သူများအား အားပေးစကားပြောကြားချင်ကြောင်း၊ ဂျူနီဦးစောအကြောင်း အနည်းငယ်ပြောလိုကြောင်း၊ ဂျူနီဦးစောသည် သေဒဏ်စီရင်ချက် ချမှတ်ခံထားရသည့်အချိန်တွင် ၎င်း၏ရှေ့နေက ဂျူနီဦးစောသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများကိုမလုပ်ကြံမိ မြန်မာနိုင်ငံ၏ နန်းရင်းဝန်၊ ဝန်ကြီးချုပ်ဖြစ်ခဲ့ကြောင်း၊ ယင်းမတိုင်မီ ဦးပုအစိုးရ၊ ဒေါက်တာဘမော်အစိုးရတွင် ဝန်ကြီးဖြစ်ခဲ့ပြီး ဆရာစံသူပုန်ကိစ္စတွင်လယ်သမားများဘက်မှ အခမဲ့ပြည်သူ့ရှေ့နေဖြစ်ခဲ့သည်ဆိုသည့်အချက်ကို ထောက်ထားပြီး သေဒဏ်မှလွတ်ငြိမ်းခွင့်ပေးရန် တောင်းဆိုခဲ့သည်များရှိခဲ့ကြောင်း၊ သို့သော် မည်သို့ပင် နိုင်ငံ့အကျိုးကိုဆောင်ခဲ့သည်ဖြစ်စေ၊ ဝန်ကြီးချုပ်ဖြစ်ခဲ့စေ၊ ပြည်သူ့ရှေ့နေဖြစ်ခဲ့စေ၊ နိုင်ငံတော်အစိုးရအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား လုပ်ကြံသည့်ကိစ္စကြောင့် သေဒဏ်ပြတ်ပြတ်သားသားပေးခဲ့ကြောင်း၊ ထို့ကြောင့် လက်ရှိလှုပ်ရှားနေသည့် အကြမ်းဖက်လှုပ်ရှားမှုများကို ကြိုးကိုင်ပြီး ရန်ကုန်တိုင်းအတွင်းတွင် လူ့အသက်ပေါင်းများစွာကို သေစေခဲ့သည့်အမှုများတွင် တာဝန်ရှိသည့် ဂျင်မီနှင့် ဖြိုးဇေယျာသော်အပါအဝင် လေးဦးကို အကျဉ်းဦးစီးဌာနက ၎င်းတို့လုပ်ထုံးလုပ်နည်းအတိုင်း စီရင်ဆောင်ရွက်ပြီးကြောင်းကို နိုင်ငံပိုင်သတင်းစာများက ဖော်ပြထားသည်ကိုတွေ့ရကြောင်း၊ မိမိမေးလိုသည့် မေးခွန်းမှာ ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ ပြည်ပတွင်ရှိနေသည့် ပြည်ဖျက်မီဒီယာများ၊ မြန်မာနိုင်ငံတွင်ရှိသည့် နိုင်ငံခြားသံရုံးများမှ ထုတ်ပြန်ချက်မျိုးစုံဖြင့် ရှုတ်ချဆန့်ကျင်နေမှုများရှိကြောင်း၊ ယင်းကိစ္စများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်တစ်ဦးအနေဖြင့် လက်ရှိအစိုးရ၏သဘောထားကို ကျယ်ကျယ်ပြန့်ပြန့် တုံ့ပြန်ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ပုဂ္ဂိုလ်ရေးအရဆောင်ရွက်ခဲ့ခြင်းမဟုတ်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အဆိုပါကိစ္စနှင့်ပတ်သက်၍ ပထမဆုံးဥပဒေနှင့်ပတ်သက်ပြီး ပြောလိုကြောင်း၊ ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူအများအပြား တရားမျှတမှုရရှိစေရေးနှင့် ပြည်သူနှင့် နိုင်ငံတော်အကြားတွင် တရားမျှတမှုရှိစေရေးပင်ဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများ ဥပဒေမဲ့အကြမ်းဖက်ရက်စက်စွာ သတ်ဖြတ်ခြင်းခံခဲ့ရသဖြင့် သေဆုံးခဲ့ရသည့် နစ်နာခဲ့ရသည့်ပြည်သူများကိုယ်စား တရားရုံးအစဉ်အဆက်မှ လုပ်ထုံးလုပ်နည်း ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါတရားခံများကို ခုခံချေပခွင့်ပေးခဲ့ကြောင်း၊ သက်သေအထောက်အထား အပြည့်အစုံအပေါ် အခြေပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်အတည်ပြုချမှတ်ဆောင်ရွက်ခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး ဝေဖန်မှုများ၊ ကန့်ကွက်မှုများ ဖြစ်ပေါ်လာနိုင်သည်ကို မိမိတို့သိကြောင်း၊ သို့သော် ပြည်တွင်းတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအရ မဖြစ်မနေဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့စွပ်စွဲနေသည့် ပုဂ္ဂိုလ်ရေးအရဆောင်ရွက်ခဲ့ခြင်း မဟုတ်ကြောင်း၊ တရားဥပဒေနှင့်အညီသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သတင်းထောက်ကြီးပြောသကဲ့သို့ ဦးစောကိစ္စနှင့်ပတ်သက်ပြီး ဖြည့်စွက်ပြောလိုကြောင်း၊ မြန်မာ့နိုင်ငံရေးလောကတွင် နိုင်ငံရေးနှင့်ပတ်သက်ပြီး စာများစွာရေးသားခဲ့ဖူးသည့် စာရေးဆရာကြီးတစ်ဦး ပြောခဲ့ဖူးသကဲ့သို့ "ချစ်ရင် လုံးလုံး၊ မုန်းရင် လျှားလျှား" ဆိုသလို ချစ်မိရင်လည်း အသည်းအသန်၊ မုန်းမိရင်လည်း လှည့်မကြည့်သည့် ပုံစံမျိုးဖြစ်ကြောင်း။

**ဂျူနီဦးစောဟု အမည်တွင်**

ဦးစောနှင့်ပတ်သက်၍ပြောလိုကြောင်း၊ ဂျူနီဦးစောဘက်မှ လိုက်ပြောပေးနေခြင်းမဟုတ်ကြောင်း၊ ဂျူနီဦးစောဟု အမည်တွင်ခဲ့ရခြင်းမှာ မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်လက်အောက်သို့ကျရောက်ခဲ့ပြီး ၁၀ နှစ်တာ မျိုးချစ်စစ်ပွဲဖြစ်ပွားခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံ၏ အနှံ့အပြားတွင် အင်္ဂလိပ်ကို တိုက်ခိုက်ခဲ့ကြကြောင်း၊ ဝန်းသိုနယ်တွင် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ချင်းတွင် ကြွမ့်ဘိစ်၊ မြန်မာနိုင်ငံတွင် ပုဂံဗိုလ်ချိုတို့ကဲ့သို့ပုဂ္ဂိုလ်များ၊ ကယားပြည်နယ်တွင် စောလဖော်ကဲ့သို့ပုဂ္ဂိုလ်များ များစွာသောပုဂ္ဂိုလ်များက အင်္ဂလိပ်ကိုတိုက်ခိုက်ခဲ့ကြကြောင်း၊ အင်္ဂလိပ်က မြန်မာနိုင်ငံတွင် ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့စဉ်က တပ်အင်အား အနည်းငယ်ဖြင့်သာ ဆောင်ရွက်ခဲ့သော်လည်း ၁၀ နှစ်လုံးလုံးဖြစ်ခဲ့သည့်ပွဲတွင် တပ်အင်အားများစွာအသုံးပြု၍ နှိမ်နင်းခဲ့ရကြောင်း၊ ထိုသို့နှိမ်နင်းရာတွင် နှစ်ပေါင်း ၃၀ ကြာခန့်အထိ မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုမှာ လုံးဝဆိတ်သုဉ်းသွားကြောင်း၊ ၁၉၂၀ ပြည့်နှစ်တွင်စတင်၍ YMBA ကဲ့သို့အသင်းများ ပေါ်ပေါက်လာခဲ့ကြောင်း၊ အင်္ဂလိပ်ကို လက်နက်ကိုင်တော်လှန်မည့် ၁၃၀၀ ပြည့်အရေးတော်ပုံအနီး ၁၉၃၀ ပြည့်နှစ်တွင် ဆရာစံအရေးအခင်း စတင်ဖြစ်ပွားခဲ့ကြောင်း၊ ထိုအချိန်ကာလတွင် အင်္ဂလိပ်တို့၏ လွှမ်းမိုးမှုသည် ဘုန်းမီးနေလတောက်ခဲ့ပြီး နေမဝင်အင်ပါယာဖြစ်ခဲ့ကာ ကမ္ဘာတွင် မည်သည့်နိုင်ငံမျှ အင်္ဂလိပ်ကိုမယှဉ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ဂျူနီဆရာစံ၏အမှုကို မည်သူမျှ ရှေ့နေမလိုက်ရဲခဲ့ကြောင်း၊ ထိုအမှုကို ဦးစောက ရှေ့နေလိုက်ပေးခဲ့သဖြင့် ဂျူနီဦးစောဟုအမည်တွင်ခဲ့ကြောင်း၊ ထိုစဉ်က မြန်မာနိုင်ငံတွင် ဥပဒေနှင့်ပတ်သက်၍ ပညာရှင်များစွာရှိသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ဆရာစံ၏ အမှုအားရှေ့နေမလိုက်ရဲကြောင်း၊ ဦးစောတစ်ဦးသာလိုက်ရဲကြောင်း။

ထိုအချိန်တွင် ICS၊ ရဲအရာရှိများအတွက် IPS၊ တရားဥပဒေတရားရုံးများအတွက် ITS ဆိုသည့် အသုံးများဖြင့် ရလာသူများ အများအပြားရှိကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သည့်အချိန်သည် အချိန်ကောင်းတစ်ခုဖြစ်ကြောင်း၊ အင်္ဂလိပ်ကို တော်လှန်ဆန့်ကျင်မည့်၊ တစ်နည်းအားဖြင့် ကိုလိုနီဝါဒကို တော်လှန်ဆန့်ကျင်မည့် ဂျပန်ကဲ့သို့ ဖက်ဆစ်နိုင်ငံပေါ်လာကြောင်း၊ အားပေးနိုင်သည့် အင်အားစုတစ်ခုရှိသည့်အချိန် ကိုလိုနီနိုင်ငံများကို အင်္ဂလိပ်တို့မထိန်းနိုင်သည့် အခြေအနေမျိုးတွင် ပေါ်ပေါက်လာခြင်းရှိကြောင်း၊ ဦးစောရှေ့နေလိုက်သည့်အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အသက် ၁၅/၁၆ နှစ်ခန့်သာ ရှိသေးကြောင်း၊ ထိုအချိန်ကတည်းက နိုင်ငံရေးလုပ်ကိုင်လာခဲ့ကြောင်း၊ အင်္ဂလန်ကိုသွားရောက်၍ အရေးဆိုရာတွင် ယူဂန်ဒါတွင် သုံးနှစ်ခန့်အဖမ်းခံရကြောင်း၊ ထိုသို့အဖမ်းခံရခြင်းမှာ ၎င်းသည် ဂျပန်သံရုံးသို့ သွားရောက်ဆက်သွယ်ခြင်းကြောင့် အဖမ်းခံရသည်ဟုပြောကြောင်း၊ ဂျပန်ကိုသွားရောက်အကူအညီတောင်းခြင်းကြောင့် ၎င်းကိုယ်တိုင်ကစတင်ပြီး ဂျပန်ကိုအကူအညီတောင်းသည်ဟု ပြော၍ရသည်အထိ မှတ်တမ်းများရှိကြောင်း။ ဇူလိုင်လမတိုင်မီ တစ်လနှစ်လခန့်တွင် ဦးစောသည်လည်း သေနတ်ဖြင့်အပစ်ခံခဲ့ရကြောင်း၊ ပြည်သူ့ရဲဘော်ယူနီဖောင်းများဖြင့် သေနတ်ဖြင့်ပစ်ခဲ့ခြင်းကြောင့် ၎င်း၏မျက်လုံးတွင် ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်၍ တချို့မြန်မာ့သမိုင်းများတွင်ပျောက်သွားသည်များလည်းရှိကြောင်း။

**ဒီမိုကရေစီအရေး နိုင်ငံရေးအတွက် အရေးယူခြင်းမဟုတ်**

မိမိပြောလိုသည်မှာ ၎င်းတို့စွပ်စွဲနေသည့် ဒီမိုကရေစီအရေးလှုပ်ရှားသူများကို အရေးယူသည်ဟု မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်းများရှိကြောင်း၊ ၎င်းတို့ကိုအရေးယူခြင်းသည် ထိုကိစ္စနှင့်သက်ဆိုင်မှု မရှိကြောင်း၊ စောစောကပြသခဲ့သည့် ပြန်ဝင်လာသည့် ငပုတောလွှတ်တော်အမတ်ကို လက်ခံထားရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံထဲတွင် လေးပုံသုံးပုံသော ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်ဟောင်းများ လက်ရှိအနေအထားအတိုင်း အေးဆေးစွာရှိနေကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီအရေး နိုင်ငံရေးအတွက် အရေးယူခြင်းမဟုတ်ကြောင်း၊ အဘယ်ကြောင့် အရေးယူသလဲဆိုလျှင် ဖြိုးဇေယျာသော်ကို စစ်ဆေးချက်အရ အကြမ်းဖက်ကျူးလွန်မှုများတွင် လက်နက်/ခဲယမ်း ထောက်ပံ့နေသည့်အချိန်တွင် ဖမ်းမိခဲ့ကြောင်း၊ ၎င်း၏စီစဉ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦး၊ ပြည်သူ ၁၂ ဦး စုစုပေါင်း ၂၁ ဦး သေခဲ့ရကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ ၎င်း၏ထွက်ဆိုချက်များတွင် အခိုင်အမာရှိပြီးဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ ၁၄ ဦးရှိကြောင်း၊ ထို့ကြောင့် အကြမ်းဖက်ဥပဒေ ပုဒ်မ ၄၉(က)၊ ၅၀(ဈ)၊ ၅၀(ည)တို့ဖြင့် အရေးယူပြီး တရားရုံးအဆင့်ဆင့်မှ ခုခံချေပခွင့်ပေးပြီးမှသာ တရားရုံးက သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း။

ကျော်မင်းယု(ခ)ဂျင်မီကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းသည် ဖြိုးဇေယျာသော်နှင့်ပူးပေါင်း၍ မွန်းလိုက်အော်ပရေးရှင်းဆိုသည်ကို လုပ်ခဲ့ကြောင်း၊ ထို့အပြင် ရန်ကုန်တွင်ရှိသည့် စာသင်ကျောင်းများ၊ ဆရာ ဆရာမများအား ပစ်မှတ်ထားပြီးတိုက်ခိုက်ခြင်းနှင့် အုပ်ချုပ်ရေးမှူးများကို ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်ခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ပုဂ္ဂလိကဘဏ်များကို တိုက်ခိုက်ခြင်း၊ လက်နက်၊ ငွေကြေးထောက်ပံ့ခြင်းများကြောင့် ၎င်းအား ၄၉(က)၊ ၅၀(ဈ)၊ ၅၀(ည) တို့ဖြင့်တရားစွဲဆို၍ သေဒဏ်အမိန့်အတည်ပြုခဲ့ကြောင်း၊ ကျန်နှစ်ယောက်သည် လှိုင်သာယာတွင်ရှိသည့် အမျိုးသမီးတစ်ဦးကို အိမ်ထဲတွင် ပိတ်လှောင်ခြင်း၊ **စာမျက်နှာ ၁၁ သို့** ☆

**❝ သိုက်ဆရာကိုမှ လေ့ပေါ်တင်မိသည်ဆိုသည့် မြန်မာစကားရှိကြောင်း၊ ထိုစကားသည်မှားသွားသည်ကို နောင်တရမိ၍ ပြောသည့်စကားဖြစ်သော်လည်း NLD အစိုးရသည် သိုက်ဆရာမှန်းသိပါလျက် လေ့ပေါ်တင်ခဲ့သူများဖြစ်ကြောင်း၊ ယင်း နိုင်ငံခြားသားတစ်ရာကျော်ကြောင့် မလိုအပ်ဘဲနှင့် နိုင်ငံတော်အတွင်းရေးများပေါက်ကြားခဲ့ပြီး မြန်မာနိုင်ငံ၏အနာဂတ်ကို နိုင်ငံတကာလက်ထဲထည့်ခဲ့ခြင်းကြောင့် လက်ရှိဖြစ်နေသည့် တိုင်းပြည်မတည်မငြိမ်မှုများ၊ အလုံးစုံပျက်သုဉ်းမှုများ၊ ထိန်းမနိုင်သိမ်းမရဖြစ်ခြင်းများ၊ NUG၊ PDF၊ CRPH တို့၏ Plan များသည် နိုင်ငံခြားသားတစ်ရာကျော်ကို ငွေပေးပြီး တိုင်းပြည် အနာဂတ်ကို ဖျက်ဆီးရန် ကြိုတင်ကြံစည်ခဲ့သည့်လုပ်ရပ်များဖြစ်ခြင်းကြောင့် ယင်းလုပ်ရပ်သည် နိုင်ငံတော်အပေါ်သစ္စာဖောက်သည့်လုပ်ရပ်ဟု စွပ်စွဲ၍ရကြောင်း၊ ဥပမာ ရခိုင်ပြဿနာသည် ပြည်တွင်းရေးပြဿနာသာဖြစ်ပြီး ပြည်တွင်းပြဿနာကို ပြည်တွင်းတွင် ရှင်း၍ရသော်လည်း ရှောင်တာနယ်၊ ဂျိုးဖစ်ရှိုရှာ စသည်တို့ကြောင့် ၎င်းပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ပြောင်းလဲခဲ့ရ ❞**

☆ စာမျက်နှာ ၁၀ မှ

ထို့နောက် ကားဖြင့် တွံတေးဘက်သို့ခေါ်ဆောင်ပြီး ဆွဲကြိုး၊ လက်စွပ်များယူ၍ ဓားဖြင့် ၂၂ ချက်ခန့် ထိုးသတ်ခဲ့ခြင်းကြောင့် တရားရုံးက သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပြစ်ဒဏ်များကို တရားရုံးမှ ချမှတ်ပြီး ၎င်းတို့အခွင့်အရေးဖြစ်သည့် အယူခံလွှာတင်ခြင်း၊ အသနားခံစာတင်ခြင်းများ ခွင့်ပြုခဲ့ကြောင်း၊ ထိုအယူခံလွှာ၊ အသနားခံစာများကိုပလပ်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကျူးလွန်ခဲ့သည့်ပြစ်မှုများသည် အခြားသေဒဏ်ချမှတ်ခြင်းခံရသည့် ပြစ်မှုများနှင့်နှိုင်းယှဉ်ပါက သေဒဏ်ကို အကြိမ်ကြိမ်ချမှတ်ခံထိုက်သည့် ကျူးလွန်သည့် ပြစ်မှုများဖြစ်ခြင်းကြောင့်ဖြစ်ကြောင်း၊ ဦးစီးဦးဆောင်လုပ်ခဲ့သည်၊ လူဦးရေမည်မျှသတ်ခဲ့သည်၊ လက်နက်ခဲယမ်း မည်မျှထောက်ပံ့သည်ကို ၎င်းတို့ ထွက်ဆိုချက်များတွင် ပါပြီးဖြစ်ကြောင်း၊ ယခင် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ၎င်းကျူးလွန်ခဲ့မှုများနှင့်ပတ်သက်၍ အခိုင်အမာရှင်းပြပြီးဖြစ်ကြောင်း။

**သေဒဏ်အကြိမ်ကြိမ်ကျခံထိုက်သည့် ပြစ်မှုများကို ကျူးလွန်သူများဖြစ်**

၎င်းဖမ်းမိစဉ်တွင် ၎င်းကိုယ်တိုင်ရေးထားသည့်မှတ်စုစာအုပ်တွင် ဘယ်နေ့ကဘယ်သူ့ကို ဘယ်လောက်ပေး၍ သတ်ခိုင်းခဲ့သည်၊ ဘယ်နေ့တွင် ဘယ်အဖွဲ့ကို လက်နက်/ ခဲယမ်းဘယ်လောက် ထောက်ပံ့ခဲ့သည်၊ ဘယ်စစ်ဆင်ရေးတော့ အောင်မြင်သည်၊ နောက်နေ့ ဘာလုပ်မည်ဆိုသည်များကို ၎င်းကိုယ်တိုင်ရေးထားသည့် မှတ်စုစာအုပ်တွင် ဖော်ပြပြီးဖြစ်ကြောင်း၊ ထို့ကြောင့်၎င်းတို့သည် အခြားသေဒဏ်ချမှတ်ခံရသူများ၏ ပြစ်မှုများနှင့် မတူဘဲ သေဒဏ်အကြိမ်ကြိမ်ကျခံထိုက်သည့် ပြစ်မှုများကို ကျူးလွန်သူများဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများအပေါ်ရက်စက်စွာဖြင့် ကြီးမားသည့် ထိခိုက်နစ်နာမှုဖြစ်အောင် ဆောင်ရွက်ခဲ့သူများဖြစ်ကြောင်း၊ အစားထိုးမရသည့် ဆုံးရှုံးမှုများဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးကို ရှေးရှုပြီး ၎င်းတို့၏ ပြင်ဆင်မှုလျှောက်လွှာများ၊ အယူခံများ၊ အသနားခံစာများကိုပလပ်ပြီး ပြစ်မှုကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ပြစ်မှုအတည်ပြုပြီးသော်လည်း အကျဉ်းထောင်လက်စွဲ အပိုင်း ၁၄ အတိုင်း သေဒဏ်ချမှတ်ခံရသည့် အကျဉ်းသားများဆိုသည့်အခန်းအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ရပိုင်ခွင့်များဖြစ်သည့် တွေ့လိုသူများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ပေးခဲ့ပြီး စီရင်ရမည့်အတိုင်း စီရင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး သေဆုံးသူ၏ရုပ်အလောင်းပြန်ပေးခြင်း၊ မပေးခြင်းနှင့်ပတ်သက်၍ အကျဉ်းထောင်လက်စွဲစာစောင်တွင် ပါရှိပြီးဖြစ်ကြောင်း၊ ထောင်မှူး၊ ထောင်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်သာဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အဓိကရုဏ်း တစ်ခုခုဖြစ်စေ၊ ဆန္ဒပြမှုတစ်ခုခုဖြစ်စေဖြစ်ပေါ်လာနိုင်ပါက အကျဉ်းထောင်၏စီရင်မှုအောက်တွင်သာ သဂြိုဟ်ခွင့်ရှိကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်၍ မီဒီယာများကို အကျဉ်းထောင်လက်စွဲ စာမျက်နှာ ၂၄၈ အပိုင်း ၁၄၊ သေဒဏ်ကျခံရသော အကျဉ်းသားများ၏ လုပ်ထုံးလုပ်နည်းများဆိုသည့် အကြောင်းအရာနှင့်ပတ်သက်သည်များကို မီဒီယာများထံ ပေးလိုက်မည်ဖြစ်ကြောင်း၊ ယင်းဥပဒေများသည် မိမိတို့ ရေးဆွဲခဲ့ခြင်းမဟုတ်ကြောင်း၊ အင်္ဂလိပ်လက်ထက်ကရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ တချို့သောအသုံးအနှုန်းများကိုသာ ပြင်ထားကြောင်း၊ ဥပမာ ဘုရင်ခံဆိုသည်ကို နိုင်ငံတော်အကြီးအကဲဆို၍သာ ပြောင်းလဲကြောင်း၊ ကျန်အကြောင်းအရာများ ပြောင်းလဲမှုမရှိကြောင်း။

မိမိတို့အနေဖြင့် ယင်းကိစ္စများကို ပုဂ္ဂိုလ်ရေးအရ လုပ်ဆောင်ခြင်းမဟုတ်ကြောင်း၊ ဒီမိုကရေစီရေးအရ လုပ်ခြင်းမဟုတ်ကြောင်း၊ လူသတ်ရမ်းကားခဲ့သည့် အကြမ်းဖက်သမားများကို ထိုက်သင့်သည့် ပြစ်ဒဏ်ကိုပေးခြင်းဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်ဖြစ်သည့် ပြည်သူအများအပြား တရားမျှတမှုရရှိရေးနှင့် ပြည်သူနှင့် နိုင်ငံတော်အကြား တရားမျှတမှုရရှိရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းခံရသည့် မိသားစုများ၊ ဆွေမျိုးသားချင်းများ၏ စိတ်ခံစားချက်များကို ထည့်တွက်ရန်လိုသည်ဟု မိမိအနေဖြင့် ပြောလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ICCPR ပရိုတိုကောတွင် သေဒဏ်ချမှတ်ခြင်းနှင့် ပတ်သက်၍ လက်မှတ်ရေးထိုးထားခြင်းမရှိသည်ကို အသိပေးပြောကြားလိုကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် အပြစ်တစ်စုံတစ်ရာမရှိဘဲ လုပ်ကြံသတ်ဖြတ်ခြင်းခံရသည့် ပြည်သူများနှင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများ၏မျက်နှာကို ထောက်ရှုပြီး မလွှဲမရှောင်သာ၍ ပြစ်မှုကျူးလွန်သည့်တရားခံများကို ဥပဒေနှင့်အညီ ပြစ်ဒဏ်ချမှတ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူများအား သနားညှာတာ ထောက်ထားနေမည်ဆိုပါက ပြစ်မှုကျူးလွန်ခြင်းခံရသည့် အပြစ်မဲ့ပြည်သူများအပေါ် ကိုယ်ချင်းစာမှုမရှိဘဲ ရက်စက်လွန်းရာကျမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တရားဥပဒေ၏ ဆုံးဖြတ်ချက်အတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တရားဥပဒေကို ကျော်လွန်၍ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း ပြန်လည်ဖြေကြားသည်။

**သိုက်ဆရာကိုမှ လေ့ပေါ်တင်မိသည်**

သူရိယနေဝန်းသတင်းဌာနမှ အယ်ဒီတာချုပ် **ဦးမိုးဟိန်းက** NLD အစိုးရလက်ထက်တွင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြားသားအကြံပေး တစ်ရာနီးပါးကိုပြည်သူ့ဘဏ္ဍာငွေဒေါ်လာသန်းပေါင်းများစွာ သုံးစွဲငှားရမ်းခဲ့ကြောင်း၊ ထိုသို့ နိုင်ငံခြားသားအကြံပေးများ ငှားရမ်းလုပ်ဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ လျှို့ဝှက်ချက်များပေါက်ကြားခြင်း၊ နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများပေါက်ကြားခြင်း၊ အမျိုးသားလုံခြုံရေးပေါက်ကြားခြင်းများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီ၏ နိုင်ငံခြားသားအကြံပေးများခေါ်သည့်လုပ်ရပ်ကို ဥပမာပြောရလျှင် “သိုက်ဆရာကိုမှ လေ့ပေါ်တင်မိသည်” ဆိုသည့် မြန်မာစကားရှိကြောင်း၊ ထိုစကားသည် မှားသွားသည်ကို နောင်တရမိ၍ပြောသည့်စကားဖြစ်သော်လည်း NLD အစိုးရသည် သိုက်ဆရာမှန်းသိပါလျက် လေ့ပေါ်တင်ခဲ့သူများဖြစ်ကြောင်း၊ ယင်းနိုင်ငံခြားသား တစ်ရာကျော်ကြောင့် မလိုအပ်ဘဲနှင့် နိုင်ငံတော်အတွင်းရေးများပေါက်ကြားခဲ့ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ကိုနိုင်ငံတကာလက်ထဲ ထည့်ခဲ့ခြင်းကြောင့် လက်ရှိဖြစ်နေသည့် တိုင်းပြည်မတည်မငြိမ်မှုများ၊ အလုံးစုံပျက်သုဉ်းမှုများ၊ ထိန်းမနိုင်သိမ်းမရဖြစ်ခြင်းများ၊ NUG၊ PDF၊ CRPH တို့၏ Plan များသည် နိုင်ငံခြားသားတစ်ရာကျော်ကို ငွေပေးပြီး တိုင်းပြည်အနာဂတ်ကို ဖျက်ဆီးရန် ကြိုတင်ကြံစည်ခဲ့သည့် လုပ်ရပ်များဖြစ်ခြင်းကြောင့် ယင်းလုပ်ရပ်သည် နိုင်ငံတော်အပေါ်သစ္စာဖောက်သည့်လုပ်ရပ်ဟု စွပ်စွဲ၍ရကြောင်း၊ ဥပမာ ရခိုင်ပြဿနာသည် ပြည်တွင်းရေးပြဿနာသာဖြစ်ပြီး ပြည်တွင်းပြဿနာကို ပြည်တွင်းတွင် ရှင်း၍ရသော်လည်း ရှောင်တာနယ်၊ ဂျိုးဖစ်ရှိုရှာ စသည်တို့ကြောင့် ၎င်းပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ပြောင်းလဲခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ နိုင်ငံတကာအလယ်တွင် တံတွေးခွက်ထဲ ပက်လက်မျောခဲ့ရခြင်းသည် ကိုဖီအာနန်ကော်မရှင်ကိစ္စသည် နိုင်ငံခြားသားတစ်ရာကျော်၏ အကြံပေးချက်ကြောင့်သာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံခြားသားအကြံပေးများခေါ်ပြီး တိုင်းပြည်ကိုရောင်းစားကာ တိုင်းပြည်ကိုဝကွက်အပ်သည့်လုပ်ရပ်များ ထပ်မံမပေါ်ပေါက်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အိမ်စောင့်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ထားသည်ကို သိလိုကြောင်းနှင့် ရှောင်တာနယ်ကို ဖမ်းဆီးမိသည့် အချိန်တွင် နိုင်ငံတော်၏လျှို့ဝှက်ချက်များစွာကို ရရှိသည်ဟု မိမိအနေဖြင့်ကြားသိရကြောင်း၊ ဖမ်းဆီးစစ်ဆေးပြီးနောက်ပိုင်းတွင် ထပ်မံသိရှိရသည့် လျှို့ဝှက်ချက်များကို အများပြည်သူများသိရှိစေရန် ထုတ်ပြန်ပေးရန် တောင်းဆိုကြောင်း၊ နောက်တစ်ချက်မှာ ဂျိုးဖစ်ရှိုရှာသည် MI-6 ကသိပါလျက် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော် အတိုင်ပင်ခံရုံးတွင်တာဝန်ပေးပြီး နေပြည်တော်-အမေရိကန်-အင်္ဂလန်တို့ကို ချောင်းပေါက်အောင် ဝင်ထွက်ခွင့်ပေးခဲ့ခြင်း၊ ဝလုံးနှင့် ကျော်စိုးဦးတို့ဆိုလျှင် ပြည်ထဲရေးဝန်ကြီးတောင်မသိဘဲ အင်းစိန်ထောင်ပေါက်ဝတွင် ဂျိုးဖစ်ရှိုရှာကလာခေါ်ပြီး လေယာဉ်ပျံပေါ်တင်ခေါ်သွားသည့်ဖြစ်စဉ်သည် ပြည်ထဲရေးဝန်ကြီးကို ကျော်လွန်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း။

**နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားလုံခြုံရေးကို မည်သို့ဆောင်ရွက်ထား**

နိုင်ငံတကာကိုလှည့်ပြီး ဖြိုလှဲဖျက်ဆီးနေသည့် ပြည်ဖျက်သမား ဂျော့ဆိုးရော့၏တပည့်အရင်းဖြစ်သည့် ဦးသောင်းထွန်းကို နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအဖြစ် ဒေါ်အောင်ဆန်းစုကြည် NLD အစိုးရကခန့်အပ်ခဲ့ပြီး ဂျော့ဆိုးရော့အလိုကျ ဝန်ကြီးခန့်ခဲ့ကြောင်း၊ အလားတူ ဦးစိုးဝင်းကိုလည်း အနောက်အုပ်စုအလိုကျ စီမံ/ ဘဏ္ဍာဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ကြောင်း၊ နိုင်ငံခြားသားတစ်ရာကျော်ဖြင့် တိုင်းပြည်ကို ဖျက်ဆီးခဲ့သည့်ကိစ္စကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသည်းအသန် တိုင်းပြည်ကို ပြန်လည်ထိန်းသိမ်းရာတွင် အခက်အခဲမှာ အဆိုပါ နိုင်ငံခြားသားတစ်ရာကျော်ခန့်ခဲ့ပြီး တိုင်းပြည်ဖျက်လုပ်ငန်းများကိုလုပ်ခဲ့သည်ဟု မိမိအနေဖြင့် ယူဆခြင်းကြောင့် ရှောင်တာနယ်လိုလူမျိုးများကို မည်သို့ဆက်လက်ဆောင်ရွက်သွားမည်ကို သိလိုကြောင်းနှင့် ရှောင်တာနယ်ထံမှ သိရှိရသည့်အချက်များသည် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားလုံခြုံရေးကို မည်ကဲ့သို့ ထိခိုက်မှုများဖြစ်စေခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်လက်ထက်၌ လုပ်ဆောင်ခဲ့သည့် သစ္စာဖောက်လုပ်ရပ်မျိုးများ ထပ်မံမပေါ်ပေါက်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့ဆောင်ရွက်ထားသည်ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပေးစေလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** ယခင်အစိုးရလက်ထက်တွင် နိုင်ငံခြားသားအကြံပေးများနှင့် ပတ်သက်၍ အားလုံးသိရှိပြီးဖြစ်မည်ဟု ယူဆကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နေရာမှစပြီး ဝန်ကြီးဌာနအသီးသီးတွင်လည်း ရောက်ရှိနေသည်ကိုသိရကြောင်း၊ လွှတ်တော်များတွင်လည်း ထိုကိစ္စနှင့် ပတ်သက်၍ မေးခွန်းမေးမြန်းခြင်းများ ပြုလုပ်ရာတွင် မေးခွန်းများမေးခွင့်ရသည်များရှိသလို မေးခွင့်မရသည်များလည်းရှိကြောင်း၊ မေးခွင့်ရသော်လည်း ကျေကျေနပ်နပ်ရှင်းပြခြင်းများမရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ မိမိတို့လက်တွေ့ဆောင်ရွက်နေသည်မှာ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေနှင့် တရားစွဲဆိုထားခြင်းမျိုးရှိကြောင်း၊ ဥပမာ-ရှောင်တာနယ်ကို နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေနှင့်တရားစွဲဆိုထားကြောင်း၊ ၎င်းထံမှ ရရှိသည့် အချက်အလက်များလည်းရှိကြောင်း၊ ဆက်စပ်ပြီး ထပ်မံဖော်ထုတ်ရန်ရှိနေဆဲဖြစ်သည်ဟု ပြောလိုကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည့်အချိန်တွင် သိရသည်များအထဲမှ သိသင့်သည်များကို ထုတ်ပြန်ပေးသွားနိုင်မည်ဟု မျှော်လင့်ကြောင်း။

**အခြေခံအုတ်မြစ်ချထားရန် ဆောင်ရွက်သွားမည်**

ထို့အပြင် ဂျော့ဆိုးရော့ကိစ္စများ၊ သတင်းထောက်နှစ်ယောက်ကိစ္စများသည် မိမိတို့နိုင်ငံတွင် အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များဖြစ်ကြောင်း၊ သက်ဆိုင်ရာလူများတောင်မသိဘဲ ဆောင်ရွက်ခဲ့သည့်ကိစ္စမျိုးများရှိကြောင်း၊ ထိုနိုင်ငံခြားသားအကြံပေးများကြောင့် ရခိုင်ကိစ္စများသည် မကြီးသင့်ဘဲကြီးခဲ့ရကြောင်း၊ ယင်းကိစ္စအား မကြာသေးမီရက်ပိုင်းတွင် ICJ သွားရောက်ကြားနာခဲ့ရသည်များရှိခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် အကြံပေးများခန့်အပ်ရာတွင် မိမိနိုင်ငံကို အမှန်တကယ်ချစ်မြတ်နိုးသည့် သူများ၊ ပြည်သူလူထုအကျိုးကို ဆောင်ရွက်နိုင်သူများကိုသာ ခန့်အပ်ထားသည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကတည်းက နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် အမုန်းခံပြီးပြောခဲ့သည့် လူအများစုနှင့် ဖွဲ့စည်းထားသည်ကိုလည်း တွေ့ရှိကြောင်း၊ မိမိတို့လက်ထက်တွင် ဆောင်ရွက်နိုင်သော်လည်း နောင်ရွေးကောက်ပွဲပြီးသွား၍ အစိုးရတစ်ရပ်တက်လာခဲ့လျှင် အပြောင်းအလဲမဖြစ်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ယခုအချိန်မှစပြီး အခြေခံအုတ်မြစ်ချထားရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယခင်လက်ထက် ၂၀၁၀ မှ ၂၀၁၅ အကြားတွင် နိုင်ငံခြားသားအကြံပေးများ ငှားရမ်းမှုမရှိသလောက်ဖြစ်ခဲ့ပြီး ၂၀၁၅ နောက်ပိုင်းမှာသာ ငှားရမ်းမှုများရှိခဲ့ခြင်းကြောင့် ယင်းအစိုးရနှစ်ရပ်အကြားတွင်လည်း ကွာခြားမှုရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခုကတည်းက အခြေခံအုတ်မြစ်ချထားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ အားလုံးလည်း သိရှိထားပြီးဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် မည်သို့ပြုလုပ်ခဲ့ကြသည်ကို သိရှိပြီးဖြစ်ကြောင်း၊ လူမှုရေးအကြောင်းပြပြီး နောက်ကွယ်မှထောက်ပံ့မှုများ၊ စီးပွားရေးတွင်လည်း အတွင်းထဲအထိဝင်ရောက်ပြီး စီးပွားဖျက်သူလျှိုလုပ်မှုများ၊ နိုင်ငံရေးတွင်လည်း အဓိကတည်မှီပြီး လုပ်ဆောင်နေသည်များလည်း ရှိကြောင်း ယင်းကိစ္စများကာကွယ်နိုင်ရန်အတွက် မိမိတို့အနေဖြင့် အခြေခံများကို လုပ်နိုင်သမျှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)



# အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၅၀၀၀ နီးပါးရှိလာ

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၃၀**

အမေရိကန်နိုင်ငံ၌ လက်ရှိတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ၅၀၀၀ နီးပါးရှိလာကြောင်း အမေရိကန်နိုင်ငံ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ နောက်ဆုံးထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရမှုတွင် နယူးယောက်သည် ၁၂၄၇ ဦးဖြင့် အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် ကာလီဖိုးနီးယားက ၇၉၉ ဦး၊ အီလီနွိုက်စ်က ၃၉၆ ဦး စသည်ဖြင့် ကူးစက်ခံခဲ့ရကြောင်း အမေရိကန်နိုင်ငံ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်၌ မျောက်ကျောက်ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ မေ ၁၇ ရက်တွင် မျောက်ကျောက်ရောဂါကူးစက်ခံရမှု စတင်တွေ့ရှိခဲ့ပြီး ဇူလိုင် ၁၅ ရက်တွင် တစ်ရက်တည်း မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၄၃၉ ဦးအထိ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

■



# ဂျပန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ နှစ်သိန်းကျော် ထပ်မံတွေ့ရှိ

**တိုကျို ဇူလိုင် ၃၀**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၂၂၃၀၅ ဦး စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၁၂၃၄၀၀၅၀ ရှိပြီဖြစ်ကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း အဆိုပါရောဂါကူးစက်မှုကြောင့် ၁၀၁ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၃၂၄၁၆ ဦးရှိကြောင်း သိရသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၃၄၆၆ ဦးနှင့် သေဆုံးသူ ၁၂ ဦးသည် မြို့တော်တိုကျိုမှ ဖြစ်ကြောင်း အာဏာပိုင်များက ဆိုသည်။

တိုကျိုမြို့တော်အတွင်း ယခုရောဂါကူးစက်ခံရသူအရေအတွက်သည် လွန်ခဲ့သော ရက်သတ္တပတ်ကထက် ၇၆၈ ဦး ပိုမိုများပြားကြောင်းနှင့် ယင်းသို့အရေအတွက်များပြားလာသည်မှာ ၁၂ ရက်ဆက်တိုက်ရှိပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရောဂါပြင်းထန်စွာခံစားနေရပြီး အသက်ရှူကိရိယာများ တပ်ဆင်ထားသူအရေအတွက် ၂၄ ဦးရှိကြောင်းလည်း တိုကျိုအာဏာပိုင်များက ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

■



# အီရန်နိုင်ငံ၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် ၅၉ ဦးသေဆုံး

**တီဟီရန် ဇူလိုင် ၃၀**

အီရန်နိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့သဖြင့် အနည်းဆုံး ၅၉ ဦး သေဆုံးခဲ့ကြောင်း အီရန်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးလုပ်သားများက ပြောသည်။

အီရန်နိုင်ငံ၌ မြို့ပေါင်း ၆၀ နှင့် ရွာပေါင်း ၅၁၆ ရွာ ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရကြောင်းလည်း သိရသည်။ အီရန်နိုင်ငံလခြမ်းနီအသင်း၏ ပြောကြားချက်အရ ယနေ့အထိ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် အနည်းဆုံး ၁၆ ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အီရန်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် ပျောက်ဆုံးနေသူများကို ရှာဖွေရာတွင် သဲများနှင့် မြေများကို ဖယ်ရှားရန် ကြီးမားသည့်စက်ယန္တရားများကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ပါရှန်ပင်လယ်ကွေ့အတွင်းရှိ အခြားသောနိုင်ငံများသည်လည်း ပြီးခဲ့သည့်သီတင်းပတ်အတွင်းက မကြုံစဖူးသော မိုးသည်းထန်စွာရွာသွန်းမှုများ၏ ဒဏ်ကိုခံစားခဲ့ရကြောင်း သိရသည်။

ထို့ပြင် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၏ မြောက်ပိုင်းတွင်လည်း အဆောက်အအုံများနှင့် လမ်းများ ရေလွှမ်းခဲ့ပြီး သေဆုံးသူခုနစ်ဦးရှိကြောင်း ယူအေအီးအစိုးရ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**




# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၆၂၃၂ ဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် ဇူလိုင် ၃၀**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၆၂၃၂ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

အဆိုပါနယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ လက်ရှိတွင် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူများ အပါအဝင် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်–၁၉ ရောဂါလူနာ ၇၆၉ ဦးရှိကြောင်း သိရသည်။

ယနေ့တွေ့ရှိသည့် ကူးစက်ခံရသူများအနက် ၂၄၃ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၁၅၉၉၂၀၂ ဦးရှိကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၄၇၉ ဦးရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# ကမ္ဘာ့ရေနံဈေးကွက်တည်ငြိမ်ရေး ကြိုးပမ်းသွားရန် ရုရှားနှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံသဘောတူ

**မော်စကို ဇူလိုင် ၃၀**

ရုရှားနှင့် ဆော်ဒီအာရေဗျ နှစ်နိုင်ငံက ကမ္ဘာ့ရေနံဈေးကွက်ကို တည်ငြိမ်စေရေး ကြိုးပမ်းသွားရန် သဘောတူညီခဲ့ကြောင်း ရုရှားအစိုးရက ယနေ့ ပြောကြားသည်။

ရုရှားဒုတိယဝန်ကြီးချုပ် အလက်ဇန္ဒားနိုဗက်က ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်စဉ် ဆော်ဒီအာရေဗျ စွမ်းအင်ဝန်ကြီး မင်းသားအဗ္ဗဒူလာဇစ်ဘင်ဆော်မန် အယ်လ်ဆက်နှင့် တွေ့ဆုံကာ အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး သဘောတူညီခဲ့သည်။

ရုရှားဒုတိယဝန်ကြီးချုပ် အလက်ဇန္ဒားနိုဗက်က ဩဂုတ် ၃ ရက်တွင် ကျင်းပမည့် ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့ (အိုပက်)အစည်းအဝေးမတိုင်မီ ကြိုတင်သွားရောက်ခဲ့ခြင်းဖြစ်သည်။

ရုရှားနှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံသည် ဈေးကွက်တည်ငြိမ်မှုကို ထိန်းသိမ်းကာ အိုပက်အဖွဲ့ဝင်နိုင်ငံများ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ရေနံဈေးကွက်တည်ငြိမ်မှုနှင့် ရောင်းလိုအား၊ ဝယ်လိုအား ဟန်ချက်ညီညွတ်မျှတမှုတို့ကို ထိန်းညှိပေးရန် သဘောတူညီခဲ့ကြောင်း မော်စကို၏ထုတ်ပြန်ချက်တွင် ပါရှိသည်။

ထို့ပြင် ရုရှားနှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံ ရေနံထုတ်လုပ်ရေးဆိုင်ရာ ချိန်ညှိမှုများအပေါ် ပူးပေါင်းဆောင်ရွက်သွားရန်ကိုလည်း အတည်ပြုဖွယ်ရှိခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က နိုင်ငံအတွင်း ဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာမှုကို ဖြေရှင်းရန် ယခုလအစောပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံသို့ လာရောက်ခဲ့ပြီး ရေနံတိုးမြှင့်ထုတ်လုပ်ရေးအတွက် အရှေ့အလယ်ပိုင်းရှိ ရေနံထုတ်လုပ်သည့်နိုင်ငံများအား တိုက်တွန်းခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**





## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄ ဒသမ ၆၇ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ ဇူလိုင် ၃၀**

မလေးရှားနိုင်ငံ၌ ဇူလိုင် ၂၉ ရက် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈၆၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၄၆၇၂၉၉၉ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၁၁ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၄၈၄၉ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်က ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀ ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၃၅၉၅၆ ဦး ရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၈၃၆ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၅၈၈၇၄၃ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၄ ရာခိုင်နှုန်းသည် နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## စပိန်နှင့် ဘရာဇီးနိုင်ငံတို့၌ မျောက်ကျောက်ရောဂါဖြင့် ပထမဆုံးအကြိမ် တစ်ဦးစီသေဆုံး

**မက်ဒရစ် ဇူလိုင် ၃၀**

စပိန်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်မှုကြောင့် ပထမဆုံးသေဆုံးသူတစ်ဦးအား တွေ့ရှိကြောင်း စပိန်ကျန်းမာရေးအာဏာပိုင်များက ယနေ့ ပြောကြားသည်။

အဆိုပါသေဆုံးသူတွင် ရောဂါအခံရှိခြင်း၊ မရှိခြင်းစသည့် အခြားသတင်းအချက်အလက်များကို ကျန်းမာရေးအာဏာပိုင်များက ဖြည့်စွက်ပြောကြားခြင်းမရှိခဲ့ပေ။

မျောက်ကျောက်ရောဂါ ကူးစက်မှုကြောင့် သေဆုံးမှုသည် ဥရောပနိုင်ငံများ၌ ပထမဆုံးအကြိမ် သေဆုံးခြင်းဖြစ်သည်။

အလားတူ ဘရာဇီးနိုင်ငံတွင်လည်း မျောက်ကျောက်ရောဂါကူးစက်မှုကြောင့် ပထမဆုံးသေဆုံးသူတစ်ဦးတွေ့ရှိခဲ့ကြောင်း သိရသည်။

အသက် ၄၁ နှစ်အရွယ် အဆိုပါအမျိုးသားသည် ဘရာဇီးနိုင်ငံ အရှေ့တောင်ဘက်ပိုင်းရှိ မီနာစ်ဂျီရာ့စ်မြို့၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။ ၎င်းသည် ခုခံအားစနစ်ကို အားနည်းစေသော lymphoma ရောဂါကို ခံစားနေရကြောင်း ၎င်းတို့က ပြောကြားသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ၆၉၆ ဦးရှိကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

မျောက်ကျောက်ရောဂါထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် အရေးပေါ်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားကြောင်း ဘရာဇီးကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံပေါင်း ၇၈ နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၁၈၀၀၀ ကျော်ရှိပြီဖြစ်ကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ငါးဦးရှိပြီး ယင်းသေဆုံးသူအားလုံးသည် အာဖရိကဒေသမှဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**




## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၀၀ ကျော် ထပ်မံတွေ့ရှိ



**နယူးဒေလီ ဇူလိုင် ၃၀**

အိန္ဒိယနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၄၀၈ ဦးထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၄၀၀၀၁၃၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၃၀ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၀၀ ကျော်နှင့်အထက် ရှိခဲ့သည်မှာ သုံးရက်ဆက်တိုက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၆၃၁၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၁၃၃၈၄ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၀၉၅၈ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၃၃၀၄၄၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအစီအစဉ်အောက်တွင် ယနေ့နံနက်ပိုင်းအချိန်အထိ ကာလအတွင်း ကာကွယ်ဆေးအလုံးရေ ၂၀၃၉၄၃၃၄၈၀ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်၌ တရားမဝင်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၃၅ ဒသမ ၉၅ တန် သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်၌ ငွေကျပ် သိန်း ၃၂၀၀ ကျော်တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၃၅ ဒသမ ၉၅ တန် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် ည ၇ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် ချောင်းဆာကျေးရွာ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် မူဆယ်မှ လားရှိုးသို့ အောင်ကိုမင်း မောင်းနှင်ပြီး ဟိန်းမင်းဇော် လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ် သိန်း ၃၂၀၀ ကျော်တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၃၅ ဒသမ ၉၅ တန် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အမိုနီယမ်နိုက်ထရိတ်များကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



သိမ်းဆည်းရမိသည့် အမိုနီယမ်နိုက်ထရိတ်များနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# တရားမဝင် လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ





နေပြည်တော် ဇူလိုင် ၃၀

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင် ၂၈ ရက်တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအဖွဲ့စုံဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသော အဝတ်အထည်များနှင့် အထွေထွေ လူသုံးကုန်ပစ္စည်းများ **(ခန့်မှန်း တန်ဖိုးငွေကျပ် ၈၇၉၄၃၈၂၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးဦးဆောင်သော ပူးပေါင်းအဖွဲ့က ဘုရားကြီးတိုးဂိတ်အနီး၌ ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဆန်စက်အပိုပစ္စည်းများ(ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၇၀၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Yutong Express အမျိုးအစား ခရီးသည်တင်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၁၄၇၀၅၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင် ၂၉ ရက်တွင်** ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကြမ်းခင်းကော်ဇောများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော လက်ကိုင်အိတ်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၁၂၅၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော Mitsubishi Fuso အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၃၅၆၁၂၅၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာ တံတားထိပ်စစ်ဆေးရေးဂိတ်အနီး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ CANDA 125 အမျိုးအစား ဆိုင်ကယ်တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှု **စုစုပေါင်းမှာ အမှုတွဲခုနစ်မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၅၃၇၅၅၇၀)** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မိုဘိုင်းဆိုလာရေတင်စနစ်ဖြင့် ရေပေးနိုင်ရေး စမ်းသပ်ဆောင်ရွက်

ဆိပ်ဖြူ ဇူလိုင် ၃၀

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စုအောက်ဆိပ်လှျပ်စစ်မြစ်ရေတင်စီမံကိန်းက စီမံကိန်းစိုက်ပျိုးဧရိယာအတွင်းမှ ရေပေးမြောင်းနှင့်ဝေးကွာသည့် စိုက်ကွက်များအတွက် မိုဘိုင်းဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးနိုင်ရေး စမ်းသပ်ဆောင်ရွက်နေကြောင်း သိရသည်။

ဆိပ်ဖြူအောက်ဆိပ် လှျပ်စစ်မြစ်ရေတင်စီမံကိန်းက မြစ်ရေတင်စီမံကိန်း စိုက်ပျိုးဧရိယာတွင် ၂၀၂၂ ခုနှစ် မိုးသီးနှံမိုးစပါးကေ ၅၂၀၊ အခြားသီးနှံ ကေ ၆၈၀ စုစုပေါင်းစိုက်ကေ ၁၂၀၀ အတွက် စိုက်ပျိုးရေပြည့်ဝစွာရှိစေရေး ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံတောင်သူများ၏ လူမှုဘဝ မြင့်မားတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ မိသားစုဝင်ငွေများ တိုးတက်စေရေးတို့အတွက် တောင်သူများ၏ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ စိုက်ပျိုးရေပြည့်ဝစွာ ရရှိနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိရာ မိုးသီးနှံစိုက်တောင်သူများအတွက် မြစ်ရေတင်စီမံကိန်း ရေပေးမြောင်းနှင့်ဝေးသည့် စိုက်ကွက်များ၊ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန် ရေပေးမြောင်းနှင့် ရေတိမ်တွင်းတို့မှ ဆိုလာစနစ်ဖြင့် ရေတင်စိုက်ပျိုးရေပေးနိုင်ရေး စမ်းသပ်ဆောင်ရွက်နေကြောင်း၊ အဆိုပါဆိုလာရေတင်စနစ်ကို မိုဘိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေရယူလိုသည့် တောင်သူများအနေဖြင့် မြစ်ရေတင်ရေပေးဝေရေးကော်မတီမှတစ်ဆင့် ချိတ်ဆက်တင်ပြပြီး လှျပ်စစ်မြစ်ရေတင်မှ တာဝန်ရှိသူများက စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုးလင်းနိုင် (ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၇-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရ္ဆုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီမိုကရေစီဆိုရာဝယ်
- ၀၉:၁၀ တရုတ်ကာတွန်း "ပန်းနဂါးမိုးလေတံတား" (အပိုင်း-၂)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၃၀ "ချစ်သူဆွဲအား" တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၅ အသိပညာနှင့်အမှန်တရား
- ၁၂:၃၀ This Week Special Interest
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဝန္တဝင်ရုပ်ရှင် **"ပြုံမှာလေလားမိုးရဲ့"**
- ၁၇:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၅ ရာဇဝင်ထဲကသမိုင်းအနုပညာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၁၁၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ
- ၂၁:၂၀ ဆေးရောင်စုံရုပ်ရှင် **'သူငယ်ချင်းသုံးယောက်ရှိလေသည်'**

### mitv

- 07:02 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
- 07:11 Great Shwedagon - The Sacred Hair Relics Hailing Pagodas
- 07:39 Myanmar Traditional Snacks: Mounhsi Gyaw
- 07:44 Myanmar Traditional Thatched Roofs: Nipa Palm
- 08:01 Elephant Catching and Scaring Trip Mile Stone 26
- 08:14 Today Myanmar: Myanmar Organic Supersized Fish
- 08:26 Myanmar Handicrafts
- 09:01 News
- 09:26 Global Partnership for Brighter Future: Kenya Pavilion\ at Expo 2020 Dubai
- 09:35 Insight Myanmar: Manuscription (Epi-4) Women Role & Myanmar Literature
- 09:50 Listening Pleasure, Instrumental Music (Banjo) Selection
- 10:01 Tigers, Lions and the Guardians

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ ကျောက်ပုထိုးစေတီတော်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဒေါင်ဒင်အင်းနှင့် စုပေါင်းငါးဖမ်းပွဲတော်

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဆီးချိုရောဂါအတွက် စားပေးသင့်သော သစ်သီးများ

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
မိုးတွင်းညထွက်သား/ငါးရှာဖွေခြင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
တင်ဆာရောဂါအကြောင်း သိကောင်းစရာ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ပင်လယ်ပျော်တို့ နားခိုရာဆီ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရွှေချမ်းသာဟောင်တော်ဦးဘုရားပွဲ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ပိုးမွေးမြူရေးအကြောင်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ကချင်ခေါက်ရည်(စပီ)ပြုလုပ်ပုံ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
အမျိုးသားဥယျာဉ်ထဲက ချစ်စရာကယားရိုးရာ အိမ်ကလေး

**စကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ စိုးရိမ်ဖွယ်အခြေအနေဖြစ်လာသည့် မျောက်ကျောက်ရောဂါ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ရာသက်ပန်ပေါင်းဖို့ရည်ရွယ်မှသာ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲရွေးချယ်တင်မြှောက်ပုံစနစ် (ဂျပန်နိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ သုတဝေစည်တောင်သူဆီ
- ၀၇:၁၀ လုပကျွန်းမာသောသီးနှံများနှင့်မြို့ထိလာ
- ၀၇:၃၀ မွေးမြူရေးရာအဖြာဖြာ
- ၀၉:၃၀ ဝါ GAP စိုက်ပျိုးနည်းနဲ့ ပိုးမွှားကာကွယ်နည်း
- ၀၉:၄၀ လုပဝေစီမြောက်ချောကုန်းနှင်းဆီ
- ၀၉:၅၀ မြကျောက်သရက်တို့ရှင်သန်ရာမြေ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဇူလိုင် ၂၀**

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**■ ရန်ကုန်တိုင်းဒေသကြီးမှ**

ထိုသို့ ပြုလုပ်လျက်ရှိရာ ယနေ့နံနက် ၁၁ နာရီ ၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၁)ရပ်ကွက် စည်ပင်လမ်းရှိ မြို့တော်ခန်းမ ဝင်/ထွက်ဂိတ်ပေါက်သို့ အကြမ်းဖက်သမား အမျိုးသားနှစ်ဦးက လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ကြောင်း၊ လက်ပစ်ဗုံးများ ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် စည်ပင်နေ့စားဝန်ထမ်းနှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ကျောက်တံတားမြို့နယ် (၁)ရပ်ကွက် စည်ပင်လမ်း မြို့တော်ခန်းမ ဝင်/ထွက်ဂိတ်ပေါက်ကို လက်ပစ်ဗုံးဖြင့် ပစ်ပေါက်သွားသည့် မှတ်တမ်းဓာတ်ပုံ။

ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများကို တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ဖြစ်စဉ်တွင်ပါဝင်ပတ်သက်ခဲ့သည့်အကြမ်းဖက်သမားများကို ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**


## “အဂတိပယ်ခွာ ပြည်သာယာ”

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူ ပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းတို့ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော် အနောက်ရပ်ကွက်နေ ညီညီမင်းခန့်သည် ၎င်းအသုံးပြုသည့် “Nyi Nyi Min Khant” Facebook အကောင့်၊ ကျောက်ဆည်မြို့နယ် ဖောင်ရွာရပ်ကွက်နေ အောင်နိုင်ဝင်းသည် ၎င်းအသုံးပြုသည့် “Aung Naing Win” Facebook အကောင့်၊ မြင်းခြံမြို့ အမှတ်(၁၄)ရပ်ကွက်နေ ဆက်ပိုင်ဦးသည် ၎င်းအသုံးပြုသည့် “Sat Paing Oo” Facebook အကောင့်၊ ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်နေ မင်းသုခ(ခ) အောင်မင်းခန့်သည် ၎င်းအသုံးပြုသည့် “Min Thukha” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် လက်ဆည်ကန်ကျေးရွာနေ တင်မောင်ဝင်းသည် အသုံးပြုသည့် “Tin Mg Win” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပသွယ်ကျေးရွာနေ ဇာဇာအောင်သည် ၎င်းအသုံးပြုသည့် “Zar Zar Aung” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရေပေါ်ရေလဲကျေးရွာနေ စဝင်းလွင်ဦး(ခ) ရာဇာသည် ၎င်းအသုံးပြုသည့် “Sa Win Lwin Oo” Facebook အကောင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကန်အောက်ရပ်ကွက်နေ မေသူရိန်သည် ၎င်းအသုံးပြုသည့် “May Thu Rein” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၇-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၂၀ | ၁၈၆၅ | ၁၈၆၀ | ၁၈၃၀ | ၁၈၆၅ | ၁၈၉၀ | ၁၈၇၅ | ၁၈၅၀ | ၁၉၄၅ | ၁၉၆၀ | ၁၈၆၀ | ၁၈၆၅ | ၁၉၀၀ | ၁၉၀၅ | ၁၉၀၅ | ၂၁၂၅ | ၂၆၂၀ |
| 95 Ron | ၁၈၉၀ | ၁၉၃၅ | ၁၉၃၅ | ၁၈၉၅ | ၁၉၃၅ | ၁၉၅၅ | ၁၉၄၀ | ၁၉၂၀ | ၂၀၁၅ | ၂၀၃၀ | ၁၉၂၅ | ၁၉၄၀ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၁၉၀ | ၂၆၇၅ |
| HSD (500 ppm) | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၉၆၅ |
| HSD (50 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၉၉၅ |
| HSD (10 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၂၈ | ၁၇၉၆ |
| 95 Ron | ၁၇၉၃ | ၁၈၆၂ |
| HSD (500 ppm) | ၂၀၃၅ | ၂၁၀၅ |
| HSD (50 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (10 ppm) | ၂၀၉၀ | ၂၁၆၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## မအူပင်မြို့နယ် ပန်းတောကွင်း သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

မအူပင် ဇူလိုင် ၃၀

မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို မအူပင်မြို့နယ် ကျောင်းရွာကျေးရွာအုပ်စု ပန်းတောကွင်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင်၂၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ငါးမျိုးစိုက်ထည့်ခြင်းအား မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဆန်းဝင်း၊ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ငါးမျိုးစိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမျိုးမင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စိုက်ကွင်းတာဝန်ခံ ဦးမျိုးမြင့်၊ မြို့နယ်စီမံကိန်းဦးစီးဌာန မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူး၊ ကျောင်းရွာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ခရေ ရေလုပ်သားအစုအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများပါဝင်၍ ပန်းတောကွင်းသဘာဝရေပြင်အတွင်းသို့ တလုပ်လှငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၁၅၀၀၀၀ စုစုပေါင်းကောင်ရေ ၃၀၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အဆင့်မြင့်အားကစားသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်အားကစားခန်းမ၌ ယနေ့နံနက် ၁၀ နာရီခွဲက ၂၀၂၂-၂၀၂၃ ခုနှစ် မိုးရာသီအခြေခံ/အဆင့်မြင့်အားကစားသင်တန်းဆင်းပွဲကို ကျင်းပကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ နိုင်ငံတော်အဆင့်အားကစားသမားများ ပေါ်ထွက်လာရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် မြို့နယ်အားကစားနှင့် လူငယ်ရေးရာဌာနမှ နည်းစနစ်မှူး ဒေါ်ဂျူးဂျူးက မိုးရာသီအခြေခံသင်တန်းများဖွင့်လှစ်ရခြင်းမှာ လူငယ်များ အချိန်ကိုအကျိုးရှိစွာ သုံးတတ်စေရေး၊ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး၊ အားကစားကို ချစ်မြတ်နိုးတတ်ပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာရေးတို့ကိုရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မိုးရာသီအခြေခံသင်တန်းမှ စားပွဲတင်တင်းနစ်၊ မြန်မာ့သိုင်း၊ အေရိုးဗစ်၊ တိုက်ကွမ်ဒို၊ ဝူရှူးအားကစားနည်းများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ မြို့နယ်ပညာရေးမှူး ဒေါ်အေးမာလွင်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၄ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။



အဆိုပါ သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းက သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်က နည်းပြစရိတ်များချီးမြှင့်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် ဝူရှူးသင်တန်း၊ မြန်မာ့သိုင်းသင်တန်း၊ တိုက်ကွမ်ဒိုသင်တန်း၊ အေရိုးဗစ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများက သရုပ်ပြဖျော်ဖြေခဲ့ကြသည်။ သင်တန်းသို့ ခရိုင်အား/ကာမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲကျော်သူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ထားဝယ်မြို့၌ သဘာန်ချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

ထားဝယ် ဇူလိုင် ၃၀

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့ရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင်၂၉ ရက် နံနက်တွင် ထားဝယ်မြို့နယ် ဇဟာကျေးရွာ သဘာန်ချောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်အောင်၊ ခရိုင်အတွင်းရှိ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများ၊ ထားဝယ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ထားဝယ်မြို့နယ် ငါးမျိုးစိုက်ထည့်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နှစ်လက်မအရွယ် ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ နှင့် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ကောင်ရေ ၁၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✳ CDM မှ

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရွှေဘိုပေါ်ဆန်းမွှေးဆန် ကုန်ကြမ်းစပါး ရှားပါးသည့်အတွက် ငါးနှစ်အတွင်း အမြင့်ဆုံးဈေးသို့ရောက်ရှိ

**ရွှေဘို ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသထွက် ရွှေဘိုပေါ်ဆန်းမွှေးဆန်ကုန်ကြမ်းစပါးရှားပါးသည့်အတွက် ငါးနှစ်အတွင်း အမြင့်ဆုံးဈေးသို့ တက်သွားကြောင်း သိရသည်။

"ရွှေဘိုပေါ်ဆန်းမွှေးဆန် တစ်တင်းခွဲကို ငွေကျပ် ၇၈၀၀၀ ကနေ ၈၂၀၀၀ အထိ ဈေးရှိပါတယ်။ ပြီးခဲ့တဲ့ တစ်လကဈေးထက် တစ်သောင်းလောက်ဈေးတက်သွားတယ်။ ဇူလိုင် ၂၄ ရက်က ဈေးတက်သွားတာပါ။ လွန်ခဲ့တဲ့ တစ်လလောက်ကဈေးနဲ့ အခုဈေးက တစ်သောင်းလောက်ကွာတယ်။ ငါးနှစ်အတွင်း အများဆုံးဈေးပါ။ နယ်မှာ ကုန်ကြမ်းပစ္စည်းရှားသွားလို့ ဈေးတက်သွားတာပါ။ ပေါ်ဆန်းမွှေးဆန်အတွက်က ဒီနှစ်က အခုမှ စိုက်ရဦးမှာဆိုတော့ အထွက်နှုန်းကပြောမရသေးဘူး" ဟု ဦးကျော်သူစိန်သောင်း (စိန်ငါးပွင့်ဆန်စက်)က ပြောသည်။



ဆန်၏ ကုန်ကြမ်းစပါးက ရှားပါးနေပြီး ပြည်တွင်းဝယ်လိုအားများနေသည့်အတွက် ဈေးထပ်တက်လာနိုင်ကြောင်း သိရသည်။ ရွှေဘိုပေါ်ဆန်းမွှေးဆန်ဈေးကွက်သည် တစ်နိုင်ငံလုံးအနှံ့ရှိပြီး အဓိက ရန်ကုန်၊ မန္တလေး၊ ရှမ်းပြည်တောင်ပိုင်း၊ ရှမ်းပြည်မြောက်ပိုင်းဒေသများသို့ အများဆုံးပို့ရကြောင်း သိရသည်။

"စပါးဈေးတက်ရင် ဆန်ဈေးလိုက်တက်ရောင်းရတာပေါ့။ ဒီနှစ်က ဘယ်လိုပြောရမယ်တောင်မသိဘူး။ ပြီးခဲ့တဲ့နှစ်က စပါးထွက်နှုန်း နည်းခဲ့တယ်။ နည်းလို့လည်း ကုန်ကြမ်းရှားသွားရတာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ရွှေဘိုဒေသတွင် ဆည်ရေသောက်ဧရိယာကေ ခြောက်သိန်းခွဲရှိရာ အဆိုပါ ခြောက်သိန်းခွဲတွင် ယခင် တစ်နှစ်၊ နှစ်နှစ်ကနှင့်စာလျှင် ပြီးခဲ့သည့်နှစ် စိုက်ဧကသည် သုံးသိန်းခွဲဝန်းကျင်သာရှိရာ ထက်ဝက်ခန့် လျော့သွားကြောင်း သိရသည်။ ယခင်ကာလများက ရွှေဘိုဆည်ရေသောက် ဒေသများတွင် ပေါ်ဆန်းမွှေးစပါးဧက ငါးသိန်းခန့် စိုက်ခဲ့သည်။

"ဒီနှစ်က နယ်မြေမငြိမ်းချမ်းလို့ မစိုက်နိုင်ကြဘူး။ ဧက သုံးသိန်းခွဲကို မစိုက်နိုင်ကြပါဘူး။ နယ်မြေမငြိမ်းချမ်းတာတစ်ကြောင်း၊ မျိုးစရိတ်တွေ၊ စိုက်ပျိုးစရိတ်တွေက နှစ်ဆ၊ သုံးဆ ဈေးတွေမြင့်တက်ကုန်တော့ တောင်သူတွေ မစိုက်နိုင်ကြတော့ဘူး။ အဲ့ဒါကြောင့်လည်း စပါးဈေးမြင့်သွားတာပါ။ ဆန်ဈေးမြင့်တာကလည်း စပါးဈေးမြင့်လို့မြင့်တာပါ။ တခြားအကြောင်းမရှိဘူး"ဟု ဦးကျော်သူစိန်သောင်းက ပြောသည်။

**လူလေး**



# မင်းဘူး(စကု)မြို့နယ်၌ ပဲတီစိမ်းသီးနှံ ၆၇၈၂ ဧက လျာထားစိုက်ပျိုး

**မင်းဘူး ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၂-၂၀၂၃ မိုးဦး ပဲတီစိမ်းသီးနှံ ၆၇၈၂ ဧက လျာထားစိုက်ပျိုးပြီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်တွင် ပဲတီစိမ်းသီးနှံများကို ရေပုတ်၊ ဇရပ်ကြီး၊ မန်းကျိုး၊ နိဗ္ဗာန်ကျွန်း၊ ပဒေသာကျွန်း၊ ငွေသောင်၊ သီးကုန်း၊ မုန်တောင်၊ ချောင်းဖြူဆင်ခေါင်း၊ ရွာသာယာကျေးရွာများတွင် စိုက်ပျိုးထားရာ စုစုပေါင်း စိုက်ဧက ၆၇၈၂ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ပဲတီစိမ်းစိုက်ပျိုးရာတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းပြီး နည်းပညာများကို စနစ်တကျပြသကာ ပက်ကြဲစိုက်ပျိုးခြင်းနှင့် အတန်းလိုက်စိုက်ပျိုးခြင်း၏ ကွဲပြားပုံများကိုလည်း ရှင်းလင်းပြသခဲ့ကြသည်။

အတန်းလိုက်စိုက်ပျိုးပါက အပင်များ လေဝင်လေထွက် ကောင်းမွန်ပြီး အပင်ဖြစ်ထွန်းမှု မြန်ဆန်ကာ အထွက်နှုန်းကောင်း၍ အပင်များ ရှုပ်ထွေးမှုမရှိသည့်အတွက် ပိုးကျရောက်မှုလည်း နည်းကြောင်း၊ သို့သော် ပဲတီစိမ်းစိုက်ပျိုးရာတွင် မြေအမျိုးအစားနှင့် အစိုဓာတ်ရရှိမှုအပေါ် မူတည်ပြီး အထွက်နှုန်းများ ကွဲပြားကာ တစ်ဧကလျှင် ၁၅ တင်းမှ တင်း ၃၀ အထိ အမျိုးမျိုးထွက်ရှိကြောင်း၊ မင်းဘူးမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

# သာယာဝတီခရိုင်အတွင်း တရားမဝင်ငါးဖမ်းဆီးမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**မင်းလှ ဇူလိုင် ၃၀**

သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးတင်ထွန်းသည် မင်းလှမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဖြိုးဝေလင်းနှင့် ဝန်ထမ်းများလိုက်ပါလျက် သာယာဝတီခရိုင်အတွင်း ငါးရစ်ငါးသန်တားမြစ်ကာလဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငါးဖမ်းဆီးမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဇူလိုင် ၂၆ ရက်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငါးရစ်ငါးသန်တားမြစ်ကာလအတွင်း ငါးဖမ်းဆီးမှုမရှိစေရေးနှင့် တရားမဝင်ငါးဖမ်းနည်းဖြစ်သော ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း ပပျောက်စေရေး၊ သယံဇာတ ထိန်းသိမ်းကာကွယ်ရေးတို့အတွက် သာယာဝတီမြို့နယ်မှ နတ်တလင်းမြို့နယ်အထိ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိပ်ဖြူမြို့နယ်၌ မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် မိုးသီးနှံစိုက်ပျိုးမှု နောက်ကျ

**ဆိပ်ဖြူ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများသည် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် စိုက်ပျိုးရေလုံလောက်စွာ မရှိသေးသည့်အတွက် မိုးသီးနှံစိုက်ပျိုးမှုနောက်ကျနေကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများသည် မိုးတွင်းကာလ ဇွန်လနှင့် ဇူလိုင်လအတွင်း၌ ကုန်းစိုက်ခင်းများ၊ ယာစိုက်ခင်းများ၌ မိုးရေဖြင့် မိုးသီးနှံ ပဲတီစိမ်း၊ မြေပဲနှင့် ပဲစင်းငုံများကို စတင်စိုက်ပျိုးကြပြီး သီတင်းကျွတ်လပြည့်ကျော်နှင့် တန်ဆောင်မုန်းလတို့တွင် စိုက်ပျိုးသီးနှံများ ပြန်လည်ရိတ်သိမ်းတူးဖော်ကြရသည်။ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်ကာလတွင် မိုးရွာသွန်းမှုနည်းပါးနေခြင်းကြောင့် မိုးရေဖြင့် စိုက်ပျိုးရသည့် မိုးသီးနှံစိုက်ခင်းများ မြေပြင်ဆောင်ရွက်ထားရှိပြီးသော်လည်း စိုက်ပျိုးမှုများ မပြုလုပ်ရသေးကြောင်း၊ အချို့စိုက်ပျိုးပြီး မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် မိုးရွာမည့်နေ့ကို မျှော်လင့်လျက်ရှိပြီး တောင်သူအများစုအနေဖြင့် မိုးဖြိုင်ဖြိုင်ရွာသွန်းပြီး စိုက်ပျိုးရန် လုံလောက်သည့် အစိုဓာတ်ရရှိမှသာလျှင် မိုးသီးနှံစိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း မိုးသီးနှံစိုက်ပျိုးမည့် တောင်သူများထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■






## ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇူလိုင် ၁၀**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်း ကျေးရွာအုပ်စုတွင် စက်မှုလယ်ယာ ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက တဲကြီးကုန်း ကျေးရွာအုပ်စု တဲကြီးကုန်း ကျေးရွာရှိ တောင်သူဦးကျောက်၏ လယ်မြေဧက ၂၀ တွင် ကောက်စိုက်စက်ဖြင့် တောင်သူ ပညာပေး သရုပ်ပြဆောင်ရွက်သည်။

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်က ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ရေရှည်တည်တံ့သော လယ်ယာထုတ်ကုန်စနစ်တစ်ခု ဖြစ်ပေါ်နိုင်ရေးအတွက် တောင်သူများ အနေဖြင့် စက်ကိရိယာအသုံးပြုပြီး ထွန်ယက်စိုက်ပျိုးခြင်းဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာသည့် အပြင် အချိန်မီစိုက်ပျိုးနိုင်ပြီး ဒုတိယသီးနှံ၊ တတိယသီးနှံများကို စိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း၊ ယခုလို စပါးသီးနှံကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်သလို ပြောင်း၊ နှမ်း၊ နေကြာ စသည့်သီးနှံများကိုလည်း ယင်းစက်ကိရိယာ အသုံးပြု၍ စိုက်ပျိုးနိုင်ကြောင်း ပြောသည်။

ထို့နောက် နေပြည်တော် စက်မှုလယ်ယာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ဦးက လယ်ယာသုံးစက်ကိရိယာများနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းထိန်က မိုးစပါးစိုက်ပျိုးမှုနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

**မှာကြား**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်နှင့် တာဝန်ရှိသူများသည် ဒေသခံတောင်သူများက ကောက်စိုက်စက်ဖြင့် မိုးစပါး (မနောသုခ) စိုက်ပျိုး သရုပ်ပြခြင်းကို ကြည့်ရှုအားပေးခဲ့ကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ချင်းပြည်နယ်တရားလွှတ်တော်၌ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

**ဟားခါး ဇူလိုင် ၁၀**

တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဟားခါးမြို့ ချင်းပြည်နယ် တရားလွှတ်တော်ရုံး တောင်ဇလပ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုးက စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်းဖြင့် အမှုသည်များအနေဖြင့် မိမိတို့ အမှန်တကယ်ရယူလိုသည့် အခွင့်အရေးကို ကိုယ်တိုင်ညှိနှိုင်းရယူနိုင်သည့်အတွက် စိတ်ကျေနပ်မှုမြင့်မားစေနိုင်ခြင်း၊ စေ့စပ်ဖြေရှင်းနေစဉ်အတွင်း အမှုသည်များအကြား အပြန်အလှန် ညှိနှိုင်းအဖြေရှာခြင်းအားဖြင့် ၎င်းတို့ကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်စေနိုင်ခြင်း၊ အမှုတွင် ကိုယ်တိုင်လွယ်ကူစွာပါဝင်ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း လွယ်ကူစွာဆောင်ရွက်နိုင်ခြင်း၊ အများပြည်သူရှေ့မှောက်တွင် ဆောင်ရွက်ရန်မလိုအပ်သည့်အတွက် မိမိထိန်းသိမ်းလိုသည့် သတင်းအချက်အလက်များကို လုံခြုံစွာ လျှို့ဝှက်ထားနိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာစွာဖြင့် လွယ်ကူစွာဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်တရားရေးဦးစီးမှူး ဦးအောင်မြင့်နှင့် ပြည်နယ်တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဝင်းတို့က တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့် စေ့စပ်ဖြေရှင်းဆောင်ရွက်ချက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ စေ့စပ်ဖြေရှင်းရေးအရာရှိ ဦးသိန်းဝင်းက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## ကျေးရွာကုန်ထုတ်လမ်းလုပ်ငန်းများ ဆောင်ရွက်

**ပဲခူး ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းအင်ဂျင်နီယာမှူး၊ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဝေါမြို့နယ် အလုပ်ကျေးရွာ ကုန်ထုတ်လမ်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ သံခွန်ကျေးရွာ၊ တမံကြီးကျေးရွာနှင့် အဖျားထမင်းဆိုင်ကျေးရွာ ရေပေးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ယနေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဝင်းကဒတ်ကျေးရွာတွင် ၂၀၁၉-၂၀၂၀ ပြည့်နှစ်ကစတင်ခဲ့သော ကျေးရွာမတည်စီမံကိန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ စီမံကိန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ အသင်းသူအသင်းသားများနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေ လည်ပတ်ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၂

## အင်းစိန်မြို့နယ်၌ သဘာဝရေပြင် လှိုင်မြစ်အတွင်းသို့ ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀ စိုက်ထည့်

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင်အတွင်း ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ ငါးရိက္ခာဖူလုံပြည့်ဝစေရန် ရည်ရွယ်၍ သဘာဝရေပြင် လှိုင်မြစ်အတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀ စိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ကမ်းနားဆိပ်ရှိ လှိုင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့သည်။

**ငါးမျိုးစိုက်ထည့်**

ထိုသို့ ငါးမျိုးစိုက်ထည့်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်ရွှေ၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်လွင်၊ ခရိုင်ဦးစီးမှူး ဦးလေးနိုင်၊ အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူး သုခလှိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်နိုင်လင်းနှင့် မြို့နယ်ငါးမျိုးစိုက်ထည့်ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝရေပြင် လှိုင်မြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း



**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံတမံသဘော ရေထိန်းတော**

## ညောင်ရွှေငါးလုပ်ငန်းစခန်း၌ အခြေခံငါးမွေးမြူရေးနှင့်ရေချိုငါးမျိုးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်း ဖွင့်လှစ်

**ညောင်ရွှေ ဇူလိုင် ၁၀**

ရှမ်းပြည်နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ လူမှုစီးပွားဘဝများ မြင့်မားလာစေရန်နှင့် တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် "အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးမျိုးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်း"ကို ဇူလိုင်၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ညောင်ရွှေငါးလုပ်ငန်းစခန်း၌ ဖွင့်လှစ်ခဲ့ရာ ပြည်နယ်ဦးစီးဌာနမှူး ဦးသော်ထွန်းဦးက သင်တန်းဖွင့်အမှာစကားပြောကြား၍ သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

**၂၅ ဦး တက်ရောက်**

သင်တန်းတွင် ညောင်ရွှေမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူ သင်တန်းသား ၁၇ ဦးနှင့် သင်တန်းသူ ရှစ်ဦး စုစုပေါင်း ၂၅ ဦး တက်ရောက်၍ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ညောင်ရွှေငါးလုပ်ငန်းစခန်းဝန်ထမ်းများက ငါးဆေးထိုးသားဖောက်ခြင်း၊ ငါးမှန်ငါးသန်ပြုစုခြင်း၊ ငါးကန်ရေအရည်အသွေးထိန်းသိမ်းခြင်း၊ ငါးအသားတိုးမွေးမြူခြင်း၊ ငါးရောဂါကြိုတင်ကာကွယ်ထိန်းသိမ်းခြင်းတို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့်လူမှုစီးပွားဘဝ ဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ လျော့နည်းကျဆင်းစေရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC)၏ အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရေး Quick Win လုပ်ငန်းအစီအမံ(၅)ရပ်နှင့်အညီ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မော်တော်ယာဉ်မောင်းနှင်အသုံးပြုရာတွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရန်၊

(ခ) မော်တော်ဆိုင်ကယ်မောင်းနှင်စီးနင်းသူများ၊ နောက်မှလိုက်ပါစီးနင်းသူများအနေဖြင့် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုရန်နှင့် မေးသိုင်းကြိုးမြဲမြံစွာ တပ်ဆင်အသုံးပြုရန်၊

(ဂ) အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရန်၊

(ဃ) မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရန်၊

(င) မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း မပြုရန်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှမော်တော်ယာဉ်ကိုကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသောမော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ/ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ/ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း/ မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

○ **MNL ပြိုင်ပွဲမှ**

ရောဝတီအသင်းသည် ဇော်လင်း၊ တင်ဝင်းအောင်၊ ရာဇာအောင်၊ ရန်ကျော်ထွေးတို့ဖြင့် လူစုံနီးပါး ပါဝင်ခဲ့ပြီး GFAအသင်းမှာလည်း နိုင်ငံခြားသားကစားသမားနှစ်ဦးအပါအဝင် အမာခံများအစုံအလင် အသုံးပြုခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပွဲကစားချိန် ၂၇ မိနစ်တွင် ရာဇာအောင်၊ ၃၅ မိနစ်တွင် ရန်ကျော်ထွေးတို့က ရောဝတီအတွက် နှစ်ဂိုးဆက်သွင်းယူခဲ့ပြီး ၄၁ မိနစ်တွင် သန်းတိုးအောင်က GFA အတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းယူခဲ့သည်။ သို့သော် ပထမပိုင်းပြီးခါနီးတွင် ရန်ကျော်ထွေးက တစ်ဂိုးထပ်မံသွင်းယူသဖြင့် ပထမပိုင်းအပြီးတွင် ရောဝတီအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း ရောဝတီအသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၅၉ မိနစ်တွင် ရန်ကျော်ထွေးက ဟက်ထရစ်ရစေမည့်ဂိုးသွင်းယူခဲ့သည်။ ၆၃ မိနစ်တွင် မောင်မောင်စိုးက GFA အတွက် ဒုတိယဂိုးသွင်းယူခဲ့သော်လည်း ရောဝတီအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားသည်။

ခြောက်ပွဲစီကစားအပြီးတွင် ရောဝတီအသင်းက လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ၁၃ မှတ်၊ GFA အသင်းက တစ်ပွဲနိုင်၊ ငါးပွဲရှုံး သုံးမှတ်ရရှိထားသည်။ ပွဲစဉ်(၆) ဒုတိယနေ့ကို ဇူလိုင် ၃၁ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MNL**



## ဘာစီလိုနာအသင်းက ပြင်သစ်နောက်တန်းကစားသမား ကွန်ဒီအား ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဟာ ဆီဗီလာအသင်းမှ ပြင်သစ်နောက်တန်းကစားသမား ကွန်ဒီအား ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ပါတယ်။ လက်ရှိထွက်ပေါ်နေတဲ့ သတင်းတွေအရ နောက်တန်းကစားသမား ကွန်ဒီဟာ ဘာစီလိုနာအသင်းဆီကို ယူရို သန်း ၅၀ (ပေါင် ၄၁ ဒသမ ၈၅ သန်း)နဲ့ ပြောင်းရွှေ့လိမ့်မယ်လို့ သိရပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ကွန်ဒီဟာ ၂၀၁၉ ခုနှစ်အတွင်းက ဘော်ဒိုးအသင်းကနေ ဆီဗီလာအသင်းဆီ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဆီဗီလာအသင်းနဲ့အတူ ၁၃၃ ပွဲပါဝင်ကစားပေးခဲ့ကာ ယူရိုပါလိဂ်ဖလားကိုလည်း ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

နောက်တန်ကစားသမား ကွန်ဒီကို ချယ်လ်ဆီးအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းက အခုအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူမယ့် ငါးဦးမြောက်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

ဘာစီလိုနာအသင်းဟာ လက်ရှိအချိန်မှာ ဘိုင်ယန်မြူးနစ်အသင်းမှ ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီး၊ လိဒ်စ်ယူနိုက်တက်အသင်းမှ ဘရာဇီးတောင်ပံကစားသမား ရာဖင်ဟာ၊ အေစီမီလန်အသင်းမှ အိုင်ဗရီကို့စ်ကွင်းလယ်ကစားသမား ဖရန့်ကက်ဆီနဲ့ ချယ်လ်ဆီးအသင်းမှ ဒိန်းမတ်နောက်တန်းကစားသမား ခရစ္စတန်ဆန်တို့ကို ခေါ်ယူထားပြီးလည်း ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ယခုသဘောတူညီမှုရရှိထားတဲ့ ဆီဗီလာအသင်းနောက်တန်းကစားသမား ကွန်ဒီအား ဩဂုတ် ၁ ရက်မှာ ဘာစီလိုနာအသင်းရဲ့ တရားဝင်ကစားသမားအဖြစ် ထုတ်ဖော်ပြောကြားမှာဖြစ်တယ်လို့ သိရပါတယ်။ **ငွေကြယ်**

## အာဆီယံ ယူ-၁၆ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၃၀**

၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၆ အမျိုးသားအသင်းသည် ဇူလိုင် ၃၀ ရက်က အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။




မြန်မာ ယူ-၁၆ အသင်းတွင် **အုပ်ချုပ်သူ-** ဦးညီညီလတ်၊ **နည်းပြချုပ်-** ဦးအောင်ဇော်မျိုး၊ **လက်ထောက်နည်းပြ-** ဦးပေါ်ထွန်းကျော်၊ ဦးရောမောင်၊ **ဂိုးနည်းပြ-** ဦးမျိုးကျော်သူ၊ ကစားသမားများအဖြစ် **ဂိုးသမား-** စိုင်းသီဟနိုင်၊ ဆလိုင်းအံ့ဘွယ်မောင်(မန္တလေးအကယ်ဒမီ)၊ မြင့်မြတ်ရန်နောင် (ပုသိမ်အကယ်ဒမီ)၊ **နောက်တန်း-** လင်းထက်ဦး၊ နေလင်းထက်၊ သူရဇော်၊ လှထွန်း(မန္တလေးအကယ်ဒမီ)၊ သက်နိုင်ဦး၊ ဟန်ထက်ဦး၊ မြတ်ဘုန်းခန့်၊ အောင်ကောင်းခန့်(၂) (ပုသိမ်အကယ်ဒမီ)၊ နေလင်းထွန်း(ISPE လှိုင်ကော်)၊ **အလယ်တန်း-** ကောင်းခန့်ဇော်၊ ကောင်းထက်၊ ဘရန်းဒွန်းလီ၊ နေမင်းထက်၊ ဟန်ထွန်းဇော်(မန္တလေးအကယ်ဒမီ)၊ ခွန်းချိုထူး(ပုသိမ်အကယ်ဒမီ)၊ ချစ်မြတ်နိုးဦး (ရန်ကုန်တိုင်းဒေသကြီး)၊ အောင်ဇော်မျိုး(ကရင်ပြည်နယ်)၊ **ရှေ့တန်း-** ဝေလျှံရှိုင်း၊ ပြည့်စုံအောင်၊ အောင်ကောင်းခန့်(၁) (ပုသိမ်အကယ်ဒမီ)၊ စိုင်းဇေယျာကျော် (ရန်ကုန်အကယ်ဒမီ)၊ နိုင်လား၊ ရှိုင်းဝဏ္ဏအောင်၊ ထူးဝေယံ(မန္တလေးအကယ်ဒမီ)၊ စောမျိုးဇော် (ကရင်ပြည်နယ်)တို့ ပါဝင်သည်။

ယင်းပြိုင်ပွဲကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် ထိုင်း၊ တီမော၊ လာအို၊ ဘရူနိုင်း၊ အုပ်စု(ဂ)တွင် ဩစတြေးလျ၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားတို့ ပါဝင်နေသည်။

ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးသုံးသင်းနှင့် အုပ်စု(က)နှင့် (ဂ)မှ ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးတစ်သင်းမှာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဩဂုတ် ၂ ရက်တွင် ဩစတြေးလျအသင်း၊ ဩဂုတ် ၅ ရက်တွင် မလေးရှားအသင်း၊ ဩဂုတ် ၈ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MFF**

## အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဩဂုတ် ၂ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၃၀**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များမှာ ဇူလိုင် ၃၀ ရက်က ပြီးဆုံးခဲ့ပြီး ဆီမီးဖိုင်နယ်ရောက်အသင်းများ စုံလင်စွာထွက်ပေါ်ခဲ့သည်။



ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဗီယက်နမ်အသင်းနှင့် မြန်မာအသင်း၊ ဩစတြေးလျအသင်းနှင့် ထိုင်းအသင်းတို့ ဆုံတွေ့လျက်ရှိသည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ ဗီယက်နမ်အသင်းက လေးပွဲနိုင် ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ ထိုင်းအသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ်ကိုးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ခ)၌ ဩစတြေးလျအသင်းက သုံးပွဲနိုင် ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များတွင် မလေးရှားနှင့် ဖိလစ်ပိုင်ကို အနိုင်ယူပြီး ဩစတြေးလျကို အရေးနိမ့်ခဲ့သဖြင့် အုပ်စုဒုတိယရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် တွေ့ဆုံနေသဖြင့် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် အားကုန်ထုတ်ကစားရဖွယ်ရှိနေသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

ဝတ္ထုတို




# စည်းရိုးကြားက ချစ်မေတ္တာ

## မယ်လေးခင်(မနောမြေ)

“ကိုထွန်းခိုင် ရှင်ခေါ်ထားတဲ့ နေ့စားတွေက မလာသေးဘူးလား”

“ခေါ်ထားပါတယ်မိန်းမရယ်၊ လာမှာပါ။ မင်းနှယ် ခုမှအရေးတကြီး ခြံစည်းရိုးကာချင်နေရတယ်။

“အိုတော် ဘယ်လိုအိမ်နီးနားချင်းမှန်းမသိ ရောက်လာတော့မယ်၊ ရှုပ်ရှုပ်ယှက်ယှက်တွေကြိုက်တာမဟုတ်ဘူးရယ်”

“အေးပါမိန်းမရယ် အေးပါ”

“ပြောရင်းဆိုရင်း ကိုစိန်သောင်းလာပြီမိန်းမရေ”

ဒေါ်သိမ့်တို့တစ်ဖက်ခြံကို အိမ်ငှားတွေ လာတော့မည်ဖြစ်သည်။ အိမ်ငှားဆိုကတည်းက ဘယ်လိုလူမျိုးမှန်းမသိ။ လူများလျှင် ပြဿနာက ပိုများတတ်သေးသည်။

“ကိုစိန်သောင်းရေ ခြံကိုသေချာကာပေးနော်”

“ဟုတ်ကဲ့ပါ အစ်မသိမ့်ရေ”

ယောကျ်ားဖြစ်သူ ကိုထွန်းခိုင်ကတော့ ဝိုင်းကူလုပ်နေရင်းမှ အကဲပိုရန်ကောဆိုသည့်အမူအရာနှင့် လှမ်းကြည့်လေသည်။

(၁)

ငှားလာသည့် ကားလေးသည် ကွက်သစ်ဘက်လမ်းကို ချိုးကွေ့လာလေသည်။ ချိုင့်ခွက်ထဲကားဘီးချိုင့်ဝင်သွားတိုင်း ကားဆောင့်သည်က ထိုင်ရဲစရာမရှိ။

“အမေ တင်ပါးနာတယ်”

သမီးလေး၏ ရှုံ့မဲ့မဲ့စကားလေးကြောင့် ရောက်တော့မှာသမီးလေးဟု နှစ်သိမ့်ပေးလိုက်မိသည်။

“ကားဆရာရေ ညာဘက်ခြမ်းက ထရံကာထားတဲ့အိမ်လေး”

အိမ်ခြံစည်းရိုးသော့ဖွင့်ရင်း ကားပေါ်ကပါလာသည့် ပစ္စည်းများကို ကားဆရာနှင့်အတူ ဝိုင်းချလိုက်သည်။ များများစားစားမရှိလှသည့် အသုံးအဆောင်များကို အိမ်ထဲနေရာချရပေမည်။

လူမနေသည်မှာ လေးငါးနှစ်လောက်ရှိနေပြီမို့ အိမ်သည် မြက်ရိုင်းတို့နှင့် ဖုံးလွှမ်းနေသည်။ ပထမအိမ်လခမယူပါဘူး အိမ်ခြံဝိုင်းကို ရှင်းပေးပါဟုဆိုလာတာကြောင့် မြက်ရိုင်းတောတို့ကို အချိန်ယူရှင်းရပေမည်။

“မေမေရေ အကောင်ကြီးကြောက်တယ်”

အော်လည်းအော် ငိုလည်းငိုနေသည့် သမီးကြောင့် သမီးရှိရာ အခန်းဘက်ပြေးလာခဲ့လိုက်သည်။ သမီးရှိရာရောက်တော့ အကောင်ကြောက်တယ်ဟုဆိုကာ ငိုခဲ့သည့် သမီးက သူမဟုတ်သလိုပင်။ ပင့်ကူမျှင်၊ ကျပ်ခိုးတို့ကို လှည်းရင်း ထရံကြားထဲ တိုးဝှေ့ဝင်လာသည့် နွယ်တို့ကိုလည်း ရှင်းရသည်မို့ အလုပ်ကသိပ်မတွင်။ “ကလင် ကလင်” အဆက်မပြတ်မြည်နေသည့် ဖုန်းကြောင့် သမီးက စားပွဲပေါ်တင်ထားသည့်ဖုန်းကို ဆော့နေရာမှ ယူလာပေးသည်။

သူငယ်ချင်းဆီကဖုန်းပင်။ ဒီအိမ်နှင့်ခြံကို သူငယ်ချင်းကောင်းမှုကြောင့် အဆင်ပြေပြေနှင့် ငှားလို့ရခြင်းပင်။

“နုခင် နင်အဆင်ပြေရဲ့လား”

“ပြေပါတယ်သူငယ်ချင်း၊ အကုန်အဆင်ပြေတယ် စိတ်မပူပါနဲ့”

ဒီခြံလေးမှာ အိမ်ရှင်မဖယ်ခိုင်းသရွေ့ နုခင်တို့ဘဝသစ်ကို စတင်ရပေမည်။ ခါးသီးသည့်ဘဝအကြောင်းတွေပြန်မတွေးချင်တော့ပေ။

တစ်အိမ်လုံးရှင်းလင်းပြီး ချက်ရပြုတ်ရနှင့် အချိန်တို့သည် ကုန်မှန်းမသိ။ သမီးကတော့ ညစာမစားဘဲ အိပ်ပျော်နေပြန်သည်။

(၂)

နားထဲ ခပ်တိုးတိုးအသံကြားရသည်မို့ ဒေါ်သိမ့် အာရုံစိုက်နားထောင်လိုက်မိသည်။ ဘုရားရှိခိုးသံသည် မနက်ခင်းအရုဏ်ဦးအလင်းကို မင်္ဂလာရှိသောအသံနှင့် ဖွင့်လိုက်ခြင်းပင်။

ပတ်ဝန်းကျင်ကြားကောင်းအောင်ပင် စောစောရွတ်နေတာလား။

အော် ငါ့နှယ် မနက်ခင်းအစောအကုသိုလ်ယူနေမိပါရောပါလား၊ အတွေးတို့ကို မောင်းထုတ်ရင်း အိပ်ရာထလိုက်သည်။

ဒေါ်သိမ့်အိပ်ရာထ မျက်နှာသစ်ပြီး ဘုရားရှိခိုးရန် ပြင်ဆင်လိုက်သည်။ နေ့စဉ်ပြုနေကျဆိုပေမယ့် စိတ်ထဲက ဘာကိုခံစားမှန်းမသိ။

“မိန်းမရေ အိမ်နီးချင်းပီသအောင် မေးစမ်းပါကွယ့် မင်းနှယ်၊ ကောင်မလေးက ငယ်မယ့်ပုံ၊ စကားလေးဘာလေးပြော၊ လိုအပ်တာကူညီပါ”

ယောကျ်ားဖြစ်သူ စကားကြောင့် ဒေါ်သိမ့် ခါးကိုဆွဲလိမ်လိုက်သည်။

“ရှင် အလွန်သိချင်နေတာလား၊ မိတ်ဆက်ပြီးသိတော့ရော ရှင်ဘာလုပ်မလို့လဲ” ပြောလည်းပြော ရိုက်လည်းရိုက်မို့ ကိုထွန်းခိုင် မိန်းမဖြစ်သူ မသိမ့်ကို ဘာမှမပြောတော့ဘဲ အလုပ်သို့ ထွက်လာခဲ့လိုက်သည်။

“အမေ”

“အစောကြီးနိုးနေပြီလားသား”

အိပ်မှုန်စုံမွှားနှင့် ထလာသည့်သားကို လှမ်းပြောရင်း မီးဖိုချောင်ဘက်ထွက်လာခဲ့လိုက်သည်။

မနေ့က ဖုန်းပြောနေသည့်အသံကို ဘာရယ်မဟုတ် နားစွင့်ရင်း ကြားရသည်က အိမ်ထောင်ပျက်ခဲ့သည့်ပုံပင်။

“အစ်မ”

ခေါ်သံကြားလိုက်သည်မို့ လှည့်ကြည့်တော့ အိမ်ဘေးကမိန်းကလေးပင်။ “မင်္ဂလာပါနော် အစ်မ”

နှုတ်ဆက်သည့်စကားကြောင့်ဒေါ်သိမ့် ခေါင်းညိတ်ပြလိုက်သည်။ စကားလာပြောနေသည်ကို ပြန်မပြောလျှင်လည်း ရိုင်းရာကျမည်မို့ အစ်မက ဒေါ်သိမ့်သိမ့်ပါဟု မိတ်ဆက်စကားဆိုလိုက်မိသည်။

“ဟုတ်အစ်မ၊ ညီမလေးက နုခင်ပါ”

“အမြင်မတော်တာတွေ့ရင် ဆိုဆုံးမပါအစ်မ၊ ကိုယ့်ကိုယ်ကိုယ်အပ်ပါတယ် အစ်မ”

ဘာအလုပ်လုပ်သလဲ မေးတော့ စက်ချုပ်မလို့အစ်မဟု ဆိုတာကြောင့် ခေါင်းညိတ်ပြရင်း ကောင်းတာပေါ့ဟုသာ ပြန်ဖြေလိုက်မိသည်။

ဒေါ်သိမ့် ချက်ပြုတ်နေချိန်မှာတော့ ထိုနုခင်ဆိုသော မိန်းကလေးသည် ခြံထဲရှိ ချုံနွယ်တို့ကို ရှင်းလင်းနေတော့သည်။

“အမေ အိမ်ဘေးခြံကအစ်မက တအားအလုပ်လုပ်တယ်နော်၊ မနက်ကလည်း ဘုရားရှိခိုးသံ သားကြားလိုက်တယ်”

သူများအကြောင်း စပ်စပ်စုစု စိတ်မဝင်စားခဲ့ကြသည့် ဒီသားအဖနှစ်ယောက်က အခုမှစိတ်ဝင်စားနေကြသည်မို့ ဒေါ်သိမ့် သားကြီးကို မျက်စောင်းထိုးလိုက်သည်။

သားကြီးကတော့ဒေါ်သိမ့်ကိုကြည့်ရင်း သဘောကျစွာရယ်နေတော့သည်လေ။

နုခင်ဆိုသည့် မိန်းကလေးကို အလိုလိုနေရင်း ကြည့်မရဖြစ်နေသည့် မိမိစိတ်ကိုလည်း ဒေါ်သိမ့်နားမလည်နိုင်။ အသက်ဆယ့်ရှစ်နှစ်လောက်ငယ်သည့် နုခင်သည် သားကြီးနှင့် အသက်သိပ်မကွာလှ။

“အမေရေ သားအလုပ်သွားပြီ”

အိမ်ရှေ့မှ လှမ်းအော်နေသည့်သားကို အရင်နေ့တွေကထက် အသံပိုကျယ်နေသလားဟု တွေးမိသည်။

(၃)

“မေမေ သမီးဗိုက်ဆာပြီ”

အနားကပ်လာရင်း ပူဆာနေသည့် သမီးကြောင့် ချုပ်လက်စ အဝတ်တို့ကို ချထားရင်း သမီးကို ထမင်းခူးကျွေးလိုက်သည်။ အိမ်ဘေးက အစ်မသိမ့်တို့အတွက်ပါ ပိုချက်ထားပြီး ခွဲထားသည့်ငါးပိချက်ပန်းကန်ကိုကိုင်ရင်း ပေးရနိုး မပေးရနိုး စိတ်တို့က ဝေခွဲမရစွာ လွန်ဆွဲနေမိသည်။

သမီးကိုထမင်းကျွေးပြီး လက်ဆေးတော့ အစ်မကို တွေ့လိုက်သည်မို့ ငါးပိချက်ပန်းကန်ကိုကိုင်ရင်း ပြေးလာခဲ့လိုက်သည်။

“အစ်မ ငါးပိချက်လာပေးတာ၊ ကြိုက်မကြိုက်မသိတော့ အားနာနေတာနဲ့”

အိမ်ထဲက ထွက်လာသည့် အစ်မယောကျ်ားနှင့်သားကို မြင်လိုက်ရသည်မို့ နုခင် ပန်းကန်ပြန်ပေးတာမစောင့်တော့ဘဲ အိမ်ဘက်ပြန်လှည့်ခဲ့လိုက်သည်။

“ညီမရေ ညီမနုခင်၊ အစ်မတို့အိမ်က ဟင်းလျာပေါင်းတွေ အများကြီး၊ ကြိုက်ရဲ့လား”

လှမ်းပေးလာသည့် ဟင်းပန်းကန်ကို ကိုင်ရင်း ကျေးဇူးပါအစ်မဟု ပြောလိုက်တော့ အသာတကြည်ပင် ပြုံးပြနေသည်။

ယောကျ်ားထားသွားသည့် မိန်းမမို့ ပတ်ဝန်းကျင်က အထင်အမြင်သေးနေသည်ကို နုခင်နားလည်မိသည်။

နုခင် အတတ်နိုင်ဆုံး လူတွေကို ရှောင်သည်။ အိမ်နီးနားချင်းဖြစ်သည့် အစ်မသိမ့်ကိုတော့ ဘဝအကြောင်း အမှန်အတိုင်း ဖွင့်ပြောပြဖြစ်သည်။ အစ်မသည် သူ့ယောကျ်ားနှင့်သားကြီး အိမ်မှာရှိသည့်နေ့တွေဆိုလျှင် နုခင်ကိုစကားသိပ်မပြော။ နုခင်ပထမတော့သဘောမပေါက်ပေမယ့် နောက်ပိုင်းနားလည်ခဲ့သည်။ အစ်မသိမ့်ကိုလည်း နုခင်ဘယ်လိုမှ စိတ်သဘောမထား။

မိန်းမသားတစ်ယောက်အိမ်ထောင်ပြုခြင်းသည် ယောကျ်ားတစ်ယောက်ကို တစ်ဘဝစာ ပုံအပ်နှင်းရင်း တစ်သက်လုံးပေါင်းသင်းရန် ရည်ရွယ်ကာ လက်ထပ်ခြင်းပင်ဖြစ်သည်။ အကြောင်းကံက တစ်သက်တာ ပေါင်းသင်းရန်ကံမပါ။ လှေလှော်ရင်း ကမ်းမကပ်ခင်ကပင် လှော်တက်ကျိုးသည့်နှယ် နုခင်အိမ်ထောင်ရေးသည်လည်း ကိုယ့်ဘက်က ဖောက်ပြားခြင်းမရှိပါဘဲ ပြိုကွဲခဲ့ရသည်။

(၄)

“တိုးတိုးပြောပါမိန်းမရယ်၊ ကြားသွားမှဖြင့်၊ ကိုယ်ကမွေးရင် ကိုယ့်သမီးအရွယ်လေးပါကွာ၊ သားကြီးအသက်နဲ့ မတိမ်းမယိမ်းဆိုမှတော့”

“ရှင် နှုတ်ဆက်စရာအကြောင်းမရှိဘူး၊ နုခင်ဆိုတဲ့ကောင်မက ကျုပ်မသိအောင် ရှင့်ကိုမြူဆွယ်နေတာလား”

တိုးတိုးတိတ်တိတ်နှင့် ရန်ဖြစ်နေသည့် အသံကြောင့် နုခင်လန့်နိုးလာခြင်းဖြစ်သည်။ တစ်နေကုန် အပ်ထည်အပြီးချုပ်နေရတာမို့ လူကနုံးချည့်နေသည်။ သမီးကို ရင်ခွင်ထဲပွေ့ပိုက်ရင်း နုခင်ပါ အိပ်ပျော်သွားခြင်းဖြစ်သည်။

တိုးတိုးတိတ်တိတ် ရန်ဖြစ်နေကြသည်ဆိုပေမယ့် ငါးပေလောက်သာခြားသည့်အိမ်မို့ တစ်အိမ်နှင့်တစ်အိမ် အသံတွေက ကြားနေရသည်။

ယခုလည်း နုခင်အမည်ပါလာသည်မို့ အသေအချာနားစွင့်လိုက်မိသည်။

အစ်မတစ်ယောက်လို အားကိုးခင်မင်ရသူက နုခင်အပေါ် ဒီလိုပြောလိမ့်မည် မထင်မှတ်ခဲ့ပါ။ ဝမ်းနည်းလာသည့်စိတ်ကြောင့် နုခင် ရှိုက်ငိုနေမိတော့သည်။

ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာချရင်း နုခင် အစ်မသိမ့်တို့နှင့် မပတ်သက်မိအောင် အတတ်နိုင်ဆုံးနေလိုက်သည်။ အစ်မသိမ့်တစ်ယောက်ထဲ အိမ်မှာရှိနေသည့် အချိန်မျိုးတွင်သာ ခြံထဲပေါင်းမြက်တို့ကို ရှင်းလင်းရင်း အပြုံးမပျက်စကားပြောဖြစ်တော့သည်။

(၅)

တစ်ညလုံးအဆက်မပြတ်ရွာနေသည့် မိုးကြောင့် ဝေဒနာကို ကြိတ်မှိတ်ခံရင်း အားတင်းထားမိသည်။ စူးအောင့်လာသည့်ဗိုက်ကို ဖိနှိပ်ရင်း ချွေးတို့သည် အဆမတန်ထွက်လာသည်။ ဒေါ်သိမ့် နုခင်ကို သတိရမိသည်မို့ အိမ်နီးချင်းပင်ဖြစ်သော်လည်း အရေးအကြောင်း ဖုန်းဆက်ဖို့ ဖုန်းနံပါတ်တောင်းသည်ကို မပေးလိုက်ရတာ နောင်တရမိပြန်သည်။ ဝေဒနာကို တင်းခံရင်းမှ လူကသတိလစ်ချင်သလိုဖြစ်လာသည်။

“အစ်မသိမ့်” ခေါ်သံလိုလို ကြားလိုက်ရသည်မို့ ခုတင်ပေါ်မှ အားယူထမိသည့် တစ်ခဏ အရုပ်ကြိုးပြတ်လဲကျသွားရင်း ဒေါ်သိမ့်သည်လည်း လောကကြီးနှင့် အဆက်အသွယ်ပြတ်သွားတော့သည်။

တစ်ညလုံး မိုးရောလေပါ တိုက်ထားသည်မို့ ခြံဝင်းတစ်ခုလုံး သစ်ရွက်အမှိုက်သရိုက်တို့က မြင်မကောင်းအောင် ရှုပ်ပွနေတော့သည်။

အမှိုက်တို့ကို လှည်းနေရင်း နုခင်မျက်လုံးတို့က တစ်ဖက်ခြံကိုသာ အာရုံရောက်နေမိသည်။ အစ်မသိမ့် အိပ်ရာထလျှင် အစောထတတ်သည့်လူပင်။ နုခင်ရောက်လာသည့် တစ်နှစ်အတွင်း အိပ်ရာထနောက်ကျသည်ကို တစ်ခါမှ မတွေ့ရ။ တံမြက်စည်းသာ လှည်းနေရသည် စိတ်တို့ကဂနာမငြိမ်။

ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချရင်း တစ်ဖက်ခြံကို ရအောင်ကျော်ခွတက်လိုက်သည်။ သံဆန်ခါကွက်တို့သည် နုခင်ခြေထောက်ကို ထိုးခွဲလိုက်သည့်နှယ်။ ဝေဒနာကိုမမှုအား။ အစ်မသိမ့် အိပ်ခန်းဘက်ရှိရာ အပြေးလာရင်း ထုရိုက်လိုက်မိသည်။ အစ်မသိမ့်အသံမကြားရ၊ စိုးရိမ်စိတ်ကြောင့် အိမ်တံခါးအနှံ့ လိုက်ဆွဲဖွင့်ကြည့်မိသည်။ မီးဖိုတံခါးသည် ဂျက်မကျသည်ထင် အလွယ်တကူပွင့်သွားသည်မို့ ဆွဲဖွင့်ရင်း အိမ်ခန်းဘက်ပြေးလာခဲ့လိုက်သည်။ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် နုခင် စိုးရိမ်မိသွားသည်။

လဲကျနေသည့် အစ်မသိမ့်ကိုယ်လုံးလေးကို ကိုင်လှုပ်နှိုးတော့ ခေါ်မရ။ ရပ်ကွက်ရုံးဖုန်းနံပါတ်က အိမ်တိုင်းလိုက်ဝေထားသည်မို့ နုခင် အိမ်ဘေးက သမီးငယ်ဆီ လှမ်းတောင်းလိုက်သည်။ ရပ်ကွက်လူကြီးအစီအမံနှင့် အရေးပေါ်လူနာတင်ကားပေါ်တင်ရင်း ပြည်သူ့ဆေးရုံကြီးရောက်တော့ နောက်နာရီဝက်သာ နောက်ကျလျှင် အသက်ရှင်ဖွယ်ရာမရှိ။

“တော်ပါသေးရဲ့ “

တစ်မနက်လုံး မောရမှန်းမသိအောင် ပြေးလွှားသွားခဲ့ရသည်က အစ်မသိမ့် အရေးပေါ် ခွဲခန်းဝင်တဲ့အချိန်ထိ တောက်လျှောက်ပင်။

“စိတ်ချရပြီ၊ ညီမလေးအစ်မလား” ဆိုသည့် ဆရာဝန်စကားကြားမှပင် သက်ပြင်းချနိုင်တော့သည်။

(၆)

“ကျေးဇူးတင်ပါတယ် ညီမလေး နုခင်ရယ်”

“ရပါတယ်အစ်မရယ်၊ နုခင်က အစ်မ ညီမလေးပါ၊ အိမ်နီးချင်းကောင်းမှ အိမ်လုံပြီး ဘေးကင်းမှာလို့ အမေက ဖုန်းဆက်တိုင်းအမြဲမှာပါတယ်”

နုခင်ပေါ်ထားခဲ့သည့် ဒေါ်သိမ့်သဘောထားတို့သည် ယခုတော့ နှုးညံ့သိမ်မွေ့လျက်ပင်။

“ကိုထွန်းခိုင် ရှင်ခေါ်ထားတဲ့လူက မလာသေးဘူးလား၊ ခြံစည်းရိုးကို ဟိုဘက်ဒီဘက်ကူးရလွယ်အောင် အပေါက်ဖောက်ပါမယ်ဆိုမှ”

အစ်မသိမ့်လောနေသည့် အသံတို့ကို နားထောင်ရင်း နုခင်ပြုံးလိုက်မိသည်။ စည်းရိုးကြားက ချစ်ခြင်းမေတ္တာတို့သည် နားလည်မှုတို့နှင့် တံခါးလေးသည်လည်း ပွင့်လာပြီပင်ဖြစ်တော့သည်။ ။

ဆောင်းပါး

# ဉာဏ်ကောင်းလိုလျှင် သွေးဖို့ပြင်ပါ

မောင်လွှား(ဝမ်းတွင်း)

တစ်ရက်က တစ်ရွာတည်းနေ ဦးလေးကြီး တစ်ယောက် ကျွန်တော့်အိမ်သို့လာ၍ ကျွန်တော့်အား သူ့သားအကြီးကောင်က ဉာဏ်အလွန်ကောင်း ကြောင်း သူ့သားအငယ်က သားအကြီးလောက် မှတ်ဉာဏ်မကောင်းကြောင်းပြောကာ သူ၏သားငယ်ကို သိပ်မမျှော်လင့်ထားကြောင်း ပြောလေသည်။ ကျွန်တော်လည်း ဦးလေးပြောသောစကားများကို နားထောင်၍ အလိုက်သင့် ပြန်လည်ပြောဆိုလိုက်သည်။ ဦးလေးပြန်သွားသောအခါ ကျွန်တော် အတွေးပွားနေမိသည်။ မိဘများသည် ဉာဏ်ကောင်းသော သားသမီးများကို ဉာဏ်ကောင်းသည် တော်သည်ဟု ချီးကျူးပြောဆို၍ စာမတော်သောသူ၊ ထုံထိုင်းသောသူကို ဉာဏ်ထုံထိုင်းသူအဖြစ် စွဲမြဲစွာသတ်မှတ်ကြသည်။ ဉာဏ်ကောင်းလာအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်သည်ဟူသော အချက်ကို မသိရှိကြလေသလား မသိပေ။ ဉာဏ်ကောင်းလာစေရန် လေ့ကျင့်ပျိုးထောင်ပေးနိုင်သည်။

သို့သော် အချို့သောသူများက ဦးနှောက်ဉာဏ်သည် မွေးရာပါ မျိုးရိုးဗီဇနှင့် ဆိုင်သည်ဟု ပြောဆိုကြသည်။ ဟုတ်ပါသည်။ မွေးရာပါဉာဏ်ထုံထိုင်းသူများ ရှိကြသည်။ ထိုသူများကိုကြည့်၍ ဉာဏ်ကောင်းအောင် လေ့ကျင့်ပျိုးထောင်၍မရနိုင်ဟု ထင်မြင်မယူဆသင့်ပေ။ အကြောင်းအမျိုးမျိုးကြောင့် ထုံလွန်းအလွန်းသူများသည် ဖြစ်တည်မှုရာခိုင်နှုန်းနည်းပါးသော သဘာဝလွန်ဖြစ်ရပ်များပင် ဖြစ်ပါသည်။ သို့သော် တချို့သောသူများက "ငါ့သား ငါ့သမီး၊ ငါ့ညီ ငါ့ညီမက ဉာဏ်အလွန်ကောင်းတာ လေ့ကျင့်ပျိုးထောင်ပေးစရာကိုမလိုဘူး"ဟု ပြောဆိုကြသည်။ ဟုတ်ပါသည်။ တချို့သောသူများက ဉာဏ်ကောင်းလာစေရန် လေ့ကျင့်ပျိုးထောင်ပေးစရာမလိုပေ။ သို့သော် ထိုသူများ၏ အရာရာကြိုးစားလုပ်ဆောင်မှုများသည် ဉာဏ်ကောင်းအောင် လေ့ကျင့်နေသကဲ့သို့ ဖြစ်နေလေသည်။ ဥပမာဆိုရပါမူ မန်ကျည်းစေ့များသည် မန်ကျည်းစေ့ဗီဇအရ မန်ကျည်းပင်ပေါက်နိုင်သည်ဟုဆိုသော်လည်း ခြောက်သွေ့လေလုံသော ဗူးထဲသို့ ထည့်ထားလျှင် အပင်ပေါက်လာမည်မဟုတ်ပေ။ မန်ကျည်းစေ့ဗီဇအရ အစေ့ရှိလျှင် အပင်ပေါက်နိုင်သည်ဟုဆိုသော်လည်း အပင်ပေါက်လာစေရန် ရေ၊ လေ၊ မြေဆွေး၊ နေရောင်ခြည်တို့နှင့် ထိတွေ့ပါမှ အပင်ပေါက်လာနိုင်သည်။ ထို့အတူပင် အသွားထက်သော ဓားတစ်ချောင်းကို အသုံးမပြုဘဲ ကြာကြာထားလျှင် အသွားတုံးနိုင်သကဲ့သို့ ဉာဏ်ကောင်းသော ဦးနှောက်ကို ဉာဏ်ကောင်းသည်ဟုဆိုကာ အသုံးမပြုဘဲနေလျှင် ဓားတုံးသကဲ့သို့ ဉာဏ်လည်းတုံးသွားနိုင်သည်။ ထို့ကြောင့် မျိုးရိုးဗီဇအရ ဉာဏ်ကောင်းသည်ဟုဆိုသော်လည်း ထိုဉာဏ်များ တုံးမသွားဘဲ ပို၍ထက်မြက်လာစေရန် အကူအညီ အထောက်အပံ့များ လိုအပ်ပါသည်။

ထိုသို့ မိမိ၏ ဦးနှောက်ဉာဏ် ထက်မြက်လာစေရန် မိမိမသိသေးသောအရာများကို မေးကြရမည်။ မိမိမေးသောအရာများကို တစ်ဦး တစ်ယောက်မှ ဖြေကြားပေးသောအခါတွင်လည်း အလေးအနက်ထား လိုက်နာမှတ်သားကြရမည်။ "ဒါတွေ ငါနဲ့မဆိုင်ပါဘူး။ သိထားတော့လည်း ဘာအသုံးကျမှာလဲ။ မေးနေလည်းအပိုပဲ။ မေးမနေတော့ဘူး"ဟု ပေါ့ပေါ့ဆဆ သဘောမထားသင့်ပေ။ မိမိမေးမြန်းထားသော အရာများသည် တစ်ချိန်မဟုတ်တစ်ချိန် အသုံးဝင်လာမည်မှာ မလွဲမသွေပင်ဖြစ်ပါသည်။ ထို့အတူ ကျောင်းသားအများစုက မိမိနားမလည်သောစာကို မမေးရဲကြပေ။ မေးမြန်းရမည်ကို ဝန်လေးကြသည်။ ထိုသို့ မိမိနားမလည်သောစာကို မမေးမြန်းကြသောအခါ နားလည်သဘောပေါက်ခြင်းမရှိဘဲ နားမလည်မှုများနှင့်သာ အဆုံးသတ်ကြရသည်။

ဟင်းမွှေယောင်းမသည် ဟင်းအိုးထဲသို့ မည်မျှပင် မွှေနှောက်စေကာမူ ဟင်း၏အရသာကို မသိရှိသကဲ့သို့ လူတစ်ယောက်သည် ပညာရှိပုဂ္ဂိုလ်နှင့် မည်မျှကြာအောင်ပင် အတူနေထိုင်စေကာမူ ပညာအမွေကို ရရှိနိုင်မည်မဟုတ်ပေ။ မေးမြန်း၍ သိရှိသမျှကို ဦးနှောက်ဖြင့် မှတ်သားတတ်ပါမှ ပညာများရရှိနိုင်သလို ဦးနှောက်ဉာဏ်များလည်း တိုးတက်လာမည်ဖြစ်သည်။ ထို့အတူ ဆရာသမား သို့မဟုတ် လူကြီးသူမများက မိမိမသိရှိသေးသောအရာများကို ရှင်းပြလျှင်လည်း အမှုမဲ့အမှတ်မဲ့မနေဘဲ စိတ်ပါဝင်စားစွာ နားထောင်ကြရမည်။ ထိုသို့ နားထောင်ခြင်းဖြင့် မိမိမသိရှိသေးသောအရာများသည် မှတ်ဉာဏ်ထဲအထိ တစ်ကြိမ်တစ်ခါတည်းနှင့်ပင် ရောက်ရှိသွားသကဲ့သို့ ထိုအရာကို ပြန်လည်လေ့လာသောအခါတွင်လည်း အချိန်တစ်ခဏအတွင်းနှင့်ပင် ပြီးမြောက်လာသည်။ ထိုသို့ပြုလုပ်ခြင်းသည် မိမိ၏ ဦးနှောက်ဉာဏ်ရည်များကို ပို၍တိုးတက်လာစေပါသည်။ ထို့အတူ အရာရာကို အမှုမဲ့အမှတ်မဲ့ မနေသင့်ပေ။ အမှုမဲ့အမှတ်မဲ့မနေခြင်းသည် မိမိ၏သိလိုစိတ်ကို နှိုးဆွပေးနေခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့်လည်း မိမိ၏ဦးနှောက်မှတ်ဉာဏ်ကိုပါ ထက်မြက်လာစေရန် တိုက်တွန်းနေခြင်းပင် ဖြစ်ပါသည်။

ထို့ပြင် စာပေများဖတ်ရှုခြင်းဖြင့်လည်း အသိဉာဏ်ပညာများ တိုးတက်စေခြင်းကို လူတိုင်းသိရှိကြပြီးပင် ဖြစ်ပါသည်။ စာအုပ်စာပေများသည် များစွာသော စာရေးဆရာ ဆရာမများ၏ သုတရသစုံလင်သော စာပေများဖြစ်ပါသည်။ ထိုစာများထဲမှ မိမိအလိုရှိသော အကြောင်းအရာများပါသည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်မှတ်၍ မှတ်ဖွယ်မှတ်ရာ အသိဉာဏ်ပညာများကို လေ့လာမှတ်သားကာ လက်တွေ့ကျင့်ကြံ လုပ်ဆောင်ကြရမည်။ ထိုသို့ စာဖတ်ခြင်း အလေ့အကျင့်ဖြင့် မိမိ၏ ဦးနှောက်ဉာဏ်ကို ထက်မြက်လာစေရန် သွေးယူရရှိနိုင်သည်။ သို့သော် များစွာသော စာအုပ်စာပေများထဲတွင် စာဖတ်သူကို လမ်းမှားရောက်စေနိုင်သော၊ မကောင်းသော၊ ညံ့သောစာများလည်း တွေ့ကောင်းတွေ့နိုင်သည်။ ထိုသို့သောစာများကို မိမိ၏ဦးနှောက်ဉာဏ်ဖြင့် စဉ်းစားချင့်ချိန်ခြင်း သို့မဟုတ် မိမိထက် တတ်သိနားလည်သောသူများထံသို့ ချဉ်းကပ်မေးမြန်း၍ မဖတ်သင့်သောစာများကို ရှောင်ရှားကာ မိမိ၏ အသိဉာဏ်များ လမ်းမလွဲသွားစေရန် ဂရုစိုက်ကြရမည်။

ထိုသို့ ဦးနှောက်မှတ်ဉာဏ်နှင့်ပတ်သက်၍ တွေ့ကြုံခဲ့သော အဖြစ်အပျက်အချို့ကို သတိရမိသည်။ ငယ်ရွယ်စဉ်အခါက ကျွန်တော်တို့ အတန်းထဲတွင် ဉာဏ်ထုံထိုင်းပြီး ကျောင်းစာညံ့သောသူများသည် အသက်အရွယ်ကြီးရင့်လာသောအခါ ဘွဲ့ရ၊ အရာရှိအရာခံများဖြစ်ကာ နယ်ပယ်အသီးသီးတွင် ရောက်ရှိနေကြသည်။ ထိုသူများသည် ငယ်ရွယ်စဉ်က ဉာဏ်ထုံထိုင်းကာ ကျောင်းစာညံ့ကြသည်။ သို့သော် အတန်းကြီးလာသောအခါ သူ့စိတ်ဓာတ်နှင့်သူ မသိလျှင် မေးကြသည်။ နားမလည်သောအရာများကို ပြန်ရှင်းပြခိုင်းကြသည်။ ထိုသို့ ပြန်လည်ရှင်းပြလျှင်လည်း အမှုမဲ့အမှတ်မဲ့မနေဘဲ အာရုံစိုက်၍ ကြည့်ရှုနားထောင်လာကြသည်။ အချိန်မှန် ကြိုးစားလေ့လာလာကြသည်။ ထုံထိုင်းနေသော ဦးနှောက်ဉာဏ်ကိုသည်အတိုင်းမထား၊ အလုပ်လုပ်ခိုင်းကာ ဓားတစ်လက်ကဲ့သို့ ထက်မြက်လာစေရန် သွေးယူလာကြသည်။ သို့သော်တချို့သောသူများကမူ မိမိဦးနှောက်ဉာဏ်ကို သွေးနေသည်ဟုပင် သတိမထားမိကြပေ။ မသိသောအရာများကိုမေးကြသည်။ နားမလည်သောအရာများကို နားလည်သည်အထိ ရှင်းပြခိုင်းကြသည်။ တစ်နည်းအားဖြင့် ထိုအရာများသည် မိမိဦးနှောက်ဉာဏ်ကို ထက်မြက်လာစေရန် သွေးယူနေခြင်းပင် ဖြစ်ပါသည်။

သည်နေရာတွင် ဖတ်မှတ်ဖူးခဲ့သော "ကြိမ်ဖန်များစွာ ထပ်ခါတလဲလဲပြုလုပ်ခြင်းက အလေ့အကျင့်ကို ဖြစ်ပေါ်စေတယ်"ဟူသော အဆိုအမိန့်လေးကို သတိရမိသည်။ ထိုအဆိုအမိန့်ကို ရှုမြင်သုံးသပ်ခြင်းဖြင့် မသိသောအရာများအား မေးမြန်းတတ်သော အလေ့အကျင့်ကို ပြုလုပ်ကြရမည်။ မေးမြန်း၍ သိရှိလာသောအရာများကို လေ့လာမှတ်သားသော အလေ့အကျင့်များ ပြုလုပ်ကြရမည်။ အရာရာကို အမှုမဲ့အမှတ်မဲ့ မနေသင့်ပေ။ ထို့ပြင် အလေ့အကျင့်ကောင်းတစ်ခုဖြစ်သော စာဖတ်သောအလေ့အကျင့်ကိုလည်း လေ့ကျင့်မွေးမြူကြရမည်။ ထိုသို့သော အလေ့အကျင့်များသည် မိမိ၏ဦးနှောက်ဉာဏ်ကို သွေးပါများသည့် ကျောက်ရည်ဝသော ဓားတစ်ချောင်းကဲ့သို့ ထက်မြက်လာစေရန် စွမ်းဆောင်ပေးမည်မှာ မလွဲမသွေဖြစ်ပါကြောင်း အကြံပြုလိုက်ရပါသည်။

## စိတ်ဓာတ် ကောင်းပါစေ

❖ လောကမှာ ဖြစ်စဉ်တိုင်း
စိတ်ကခိုင်းလို့ ပုံသွင်းနေ။
ကြိုးစားလျှင် ပန်းတိုင်လမ်း
ဖြောင့်တန်းလျက်ပေ။
ပျင်းရိတဲ့ စိတ်ဓာတ်တွေ
ဖျောက်စမ်းလေ သတိထား။
ဖွဲ့မာန်ကို အားဖြင့်သုံးကာ
ရှန်းကြစေသား။

❖ စိတ်စွမ်းအင် ဖန်ဆင်းအားက
ထူးခြားတဲ့ ရလဒ်ပါ။
လူသားတွေ ဘဝလမ်း
အေးချမ်းသာယာ။
စိတ်ဓာတ်ကောင်း ဦးတည်ရာ
အောင်မြင်မှာ ဂုဏ်မွှေး။
နေ့သစ်ကို မျှော်တွေးရှုလို့
ထုဆစ်စို့လေး။

❖ သောကတွေ သင်မတွေးနဲ့
ဘဝရှေ့ရေး ကြိုးစားကွယ်။
အကျိုးရှိစွာ ရိုးသားစိတ်
ဦးထိပ်ပန်ရွယ်။

❖ အခက်ခဲ လွယ်ကူမယ်
လျှောက်ဖို့ရယ် အားခွန်သုံး။
စိတ်ဓာတ်သာ အဓိကမို့
စံပြထိပ်ဆုံး။ ။

မောင်မျိုးချစ်(အညာမြေ)

## မြန်မာ့အလှတရား

✻ မိုးသည်းပါတဲ့ လဝါခေါင်
နေရောင်ပျောက်လို့မှောင်၊
ရေဖောင်ဖောင်မှာ လေ့စီးကြ
တို့တောသဘာဝ။

✻ ခတ္တာပန်းလှ ပွင့်ဝေစည်
ဘုရားတင်ကြမည်၊
စိတ်ကြည်လင်လို့ သဒ္ဓါပြတ်
ပန်းရေဆီမီးကပ်။

✻ ထူးမြတ်လှတဲ့ ဝါခေါင်မှာ
စာရေးတံမဲ ကျင်းပတာ၊
သံဃာတော်ကို ပေးလှူဒါန်း
ကုသိုလ်ဒါနပန်း။

✻ အသွင်ဆန်းတဲ့ ရိုးရာအမွေ
ထိန်းသိမ်းကြစို့လေ၊
တို့ဘိုးဘွားတွေ အလေးထား
မြန်မာ့အလှတရား။

✻ ထူးခြားထင်ရှား လှပေတယ်
မြန်မာ့လေ့ကွယ်၊
အစဉ်လာရယ် ထိန်းသိမ်းလို့
ဆက်ခံကြပါစို့ ။ ။

ခင်နွဲ့မူ (ပုလဲ)

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၂၇၉ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၂၇၉) ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၃၁,၇၀၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၀၈၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများကို နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၈၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများကို ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၈၄) ခု | (၁၄)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၄၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၄၇) ခု | (၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၆) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၁၆) ခု | (၁၅)ဦး |
| **စုစုပေါင်း** | **(၆,၂၇၉) ခု** | **(၄၀)ဦး** |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၀၅၄၁၈၄ | ၈၈၀၁၁၇၈၃ | ၁၀၅၅၀၂၀ |
| ၂။ | အိန္ဒိယ | ၄၄၀၀၀၁၃၈ | ၄၃၃၃၀၄၄၂ | ၅၂၆၃၁၂ |
| ၃။ | ဘရာဇီး | ၃၃၇၉၅၁၉၂ | ၃၂၂၇၂၆၀၄ | ၆၇၈၃၇၅ |
| ၄။ | ပြင်သစ် | ၃၃၇၈၆၇၆၆ | ၃၂၀၈၀၀၂၆ | ၁၅၁၉၈၃ |
| ၅။ | ဂျာမနီ | ၃၀၈၅၃၃၁၂ | ၂၈၈၆၃၃၀၀ | ၁၄၃၉၇၂ |
| ၆။ | ဗြိတိန် | ၂၃၃၀၄၄၇၉ | ၂၂၆၃၅၃၄၁ | ၁၈၃၉၅၃ |
| ၇။ | အီတလီ | ၂၀၉၅၂၄၇၆ | ၁၉၄၅၇၃၃၀ | ၁၇၁၈၈၂ |
| ၈။ | တောင်ကိုရီးယား | ၁၉၇၀၂၄၆၁ | ၁၈၅၃၆၈၆၉ | ၂၅၀၂၇ |
| ၉။ | ရုရှား | ၁၈၅၈၉၂၂၁ | ၁၇၉၆၉၃၄၂ | ၃၈၂၃၉၅ |
| ၁၀။ | တူရကီယဲ | ၁၅၈၈၉၄၉၅ | ၁၅၄၈၇၄၆၈ | ၉၉၃၄၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၇၈၁၅၄ | ၉၉၀၅၅၁၉ | ၄၃၀၉၃ |
| ၂။ | အင်ဒိုနီးရှား | ၆၂၀၂၈၉၃ | ၅၉၉၆၈၀၅ | ၁၅၆၉၈၃ |
| ၃။ | မလေးရှား | ၄၆၇၂၉၉၉ | ၄၅၈၈၇၄၃ | ၃၅၉၅၆ |
| ၄။ | ထိုင်း | ၄၅၈၈၅၁၂ | ၄၅၃၂၈၃၀ | ၃၁၃၆၂ |
| ၅။ | ဖိလစ်ပိုင် | ၃၇၇၂၄၆၈ | ၃၆၇၈၂၄၀ | ၆၀၇၁၉ |
| ၆။ | စင်ကာပူ | ၁၇၀၂၃၉၂ | ၁၆၀၃၂၁၅ | ၁၄၉၄ |
| ၇။ | မြန်မာ | ၆၁၄၀၈၃ | ၅၉၂၈၈၁ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၁၁၉၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၀၅၈၉၀ | ၁၆၄၄၀၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၇၅၃ | ၁၃၃၄၉၅ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ ရက်အတွင်း ကုမ္ပဏီ လေးခု၊ ယာဉ်စီးရေ ခြောက်စီးဖြင့် နှာခေါင်းစည်း ၄၂ ဒသမ ၁၃ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁ ရက်မှ ၂၀ ရက်အတွင်း ကုမ္ပဏီ ၂၀၇၃ ခု၊ ယာဉ်စီးရေ ၃၅၆၃ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ၄၄၁၀ ဒသမ ၂၇ တန်၊ အောက်ဆီဂျင်အရည် (အိုး) ၁၀၆၂ ဒသမ ၅၇၊ အောက်ဆီဂျင်ဓာတ်ငွေ့ (Bowser) ၇၄ ဒသမ ၃၅ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုး) ၁၈၉ ဒသမ ၅၇ တန်၊ အောက်ဆီဂျင်အရည် (storage Container/Tank) ၃၁ ခု၊ အောက်ဆီဂျင်အရည် (Distributor) ၁၆ ခု၊ အောက်ဆီဂျင်(အိုးခွံ) ၃၈၁ ဒသမ ၂၅၉ ခု၊ အောက်ဆီဂျင် (Plant) ၅၀၈ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် ၁၃ ခု၊ အောက်ဆီဂျင်ဖြည့် ကိရိယာ ၁၄ စုံ၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် (Oxygen Genarator) ၁၀၃ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၇၉ ဒသမ ၂၅၆ ခု၊ Covid Test kit ၆၀၅ ဒသမ ၄၂၉ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၇၁၅ ဒသမ ၅၉၀၊ လက်အိတ် ၅၃၀ ဒသမ ၃၃၀ တန်၊ နှာခေါင်းစည်း ၁၀၁၅၇ ဒသမ ၄၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

# မော်တော်ဆိုင်ကယ်နှင့် ယာဉ်မတော်တဆမှုအန္တရာယ်

**သွင်လန်း**

ယနေ့ကာလတွင် မြန်မာနိုင်ငံတစ်ဝန်း မြို့ရွာအနှံ့ မော်တော်ဆိုင်ကယ်များ၊ ဘေးတွဲဆိုင်ကယ်များ၊ သုံးဘီးယာဉ်များကို ပို့ဆောင်ရေးယာဉ်အဖြစ် အဓိကထားအသုံးပြုနေကြသည်။ မြို့ပြဘတ်စ်ကားပို့ဆောင်ရေးမရှိသော မြို့ရွာများတွင် ဆိုင်ကယ်ကိုပဲ အဓိကထားသုံးစွဲကြရသည်။ နိုင်ငံအတွင်း စီးနင်းသုံးစွဲနေသော မော်တော်ဆိုင်ကယ်များတွင် တရားဝင်တင်သွင်းလာပြီး ယာဉ်မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်များရှိသလို တရားမဝင်နည်းလမ်းပေါင်းစုံဖြင့် တင်သွင်းလာပြီး ယာဉ်မှတ်ပုံတင်ထားခြင်းမရှိသော "without" ခေါ် လိုင်စင်မဲ့ဆိုင်ကယ်များကိုလည်း အများအပြားသုံးစွဲနေကြသည်။ ဆိုင်ကယ်ကို ကိုယ်ပိုင်အသုံးပြုမှုအပြင် "ကယ်ရီ" ခေါ် အခကြေးငွေဖြင့် ပို့ဆောင်သည့်စနစ်လည်း တွင်ကျယ်လျက်ရှိသည်။ ဆိုင်ကယ်စီးနင်းအသုံးပြုရာတွင်လည်း ဆိုင်ကယ်စီးလိုင်စင်ရှိသူရှိသလို ဆိုင်ကယ်စီးလိုင်စင်မရှိဘဲ စီးနင်းနေကြသူများလည်းရှိသည်။



မုံရွာမြို့၌ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန် ဆိုင်ကယ်စုပေါင်းစီးနင်းလှုပ်ရှားမှု ပြုလုပ်စဉ်။

### တလွဲထင်မှတ်နေကြ

မော်တော်ဆိုင်ကယ်စီးသူသည် မေးသိုင်းကြိုးပါရှိပြီး ဦးခေါင်းကို အပြည့်အဝအကာအကွယ်ပေးနိုင်သော ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးအသေအချာတပ်၍ စီးနင်းရမည်ဖြစ်သည်။ ဆိုင်ကယ်စီးသူအချို့သည် ဆိုင်ကယ်ဦးထုပ်ကို ယာဉ်ထိန်းရဲအဖမ်းမခံရစေရန် ဆောင်းရခြင်းဖြစ်သည်ဟု တလွဲထင်မှတ်နေကြသည်။ ယာဉ်ထိန်းရဲ စစ်ဆေးမှုမရှိသည့်နေရာများတွင် ဆိုင်ကယ်ဦးထုပ်ကို မဆောင်းကြသူကများသည်။ အချို့ဆိုလျှင် ဆိုင်ကယ်ဦးထုပ်ကိုမဆောင်းဘဲ ဆိုင်ကယ်မှာ ချိတ်ယူသွားပြီး အဝေးမှာ ယာဉ်ထိန်းရဲကိုမြင်မှ ဆိုင်ကယ်ဦးထုပ်ကို ကမန်းကတန်းဆောင်းတတ်ကြသည်ကို တွေ့ရသည်။ တကယ်တော့ ဆိုင်ကယ်ဦးထုပ်က မိမိအသက်အန္တရာယ်ကို အကာအကွယ်ပေးသည်ဆိုခြင်းကို ကောင်းစွာသဘောမပေါက်ကြခြင်းကြောင့် စည်းကမ်းဖောက်ဖျက်နေကြခြင်းပင်ဖြစ်သည်။ မော်တော်ဆိုင်ကယ်နောက်ကြည့်မှန်ကို ဖြုတ်၍စီးခြင်း၊ မှန်မကောင်းသည်ကို မလဲလှယ်ဘဲစီးခြင်းတို့သည်လည်း အန္တရာယ်ကိုဖိတ်ခေါ်နေသကဲ့သို့ရှိသည်။

မော်တော်ဆိုင်ကယ်၏ သဘောသဘာဝသည် ဘီးနှစ်ဘီးပေါ်တွင် Balance လုပ်၍ စီးရသဖြင့် လဲကျနိုင်ခြေ အလွန်များသည်။ ခဲလုံးကို နင်းမိလျှင်လည်း ဆိုင်ကယ်လဲတတ်သည်။ ခွေးလိုမျိုး တိရစ္ဆာန်များကို ဝင်တိုက်လျှင်လည်း ဆိုင်ကယ်လဲတတ်သည်။ သဲထူထပ်သောနေရာ၊ ကျောက်စရစ်ခဲများ ပြန့်ကျဲနေသောနေရာ၊ မိုးရေနှင့်ရွှံ့ရောနေသောနေရာမျိုးတွင် ဆိုင်ကယ်ကို အရှိန်ပြင်းပြင်းကွေ့လျှင် လဲကျပြီး အထိနာတတ်သည်။ ဆိုင်ကယ်ကို အသံကျယ်ကျယ်မြည်အောင် အိပ်ဇောခ၏ အသံထိန်းကိရိယာကို ဖြုတ်၍စီးလျှင် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသည်။

ဆေးရုံများ၊ ကျောင်းများ၊ တရားရိပ်သာများအနီးတွင် အသံကျယ်သောဆိုင်ကယ်များ မစီးနင်းသင့်ပေ။ ဆိုင်ကယ်မောင်းနှင်သူသည် အသက်ပြည့်သူ၊ အရွယ်ရောက်ပြီးသူဖြစ်ရန်လည်း လိုအပ်သည်။ ဆိုင်ကယ်ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ အန္တရာယ်ကင်းအောင် မောင်းနှင်နိုင်ရန်ဆိုလျှင် ထိုသူသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ဆိုင်ကယ်စီးလိုင်စင်ရှိရန် လိုအပ်ပါသည်။ ဆိုင်ကယ်စီးလိုင်စင်ရရှိရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် သင်တန်းအရင်တက်ရပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိနားလည်ပြီး အစစ်ဆေးခံ၍ အောင်မြင်ပါမှ ဆိုင်ကယ်စီးလိုင်စင်ရရှိပြီး လမ်းပေါ်တွင် အန္တရာယ်ကင်းကင်းစီးနင်းနိုင်မည်ဖြစ်သည်။

### မအိုဆေး

နိုင်ငံအနှံ့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားမလည်ဘဲ ဆိုင်ကယ်စီးနင်းမှု၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲစီးနင်းမှု၊ အရှိန်ပြင်းစွာ မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှု၊ ဆိုင်ကယ်တိမ်းမှောက်မှုများဖြစ်ပွားပြီး သေဆုံးမှု၊ ကိုယ်လက်အင်္ဂါ ဆုံးရှုံးမှုများ အများအပြားဖြစ်ပေါ်လျက်ရှိပါသည်။ အထင်ကရ ဆရာတော်ကြီးတစ်ပါးကဆိုလျှင် "မော်တော်ဆိုင်ကယ်ကို တချို့က မအိုဆေးလို့ ပြောနေကြတယ်"ဟု မိန့်ကြားဖူးသည်။ ဆိုင်ကယ်ကို မဆင်မခြင်စီးကြသူ အများအပြားရှိနေသဖြင့် အသက်ရှည်အောင်မနေရဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးကြရသောကြောင့် "မအိုဆေး" ဟု ခေါ်ဝေါ်ပြောဆိုကြခြင်းကို ဆိုလိုပါသည်။

အချို့ဆိုလျှင် လမ်းသွယ်မှ လမ်းကျယ်သို့ အရှိန်မလျှော့ဘဲ ဆိုင်ကယ်မောင်းဝင်လာသူများ၊ ဆိုင်ကယ်ဦးထုပ် မဆောင်းသူများ၊ မေးသိုင်းကြိုးမတပ်သူများ၊ ဆိုင်ကယ်တစ်စီးတွင် သုံးယောက်မှ ငါးယောက်အထိ စီးနင်းသူ၊ လက်တစ်ဖက်လွှတ်စီးသူ၊ တင်ပျဉ်ခွေထိုင်စီးသူ၊ လမ်းပြောင်းပြန်စီးသူ၊ ပလက်ဖောင်းပေါ် ဆိုင်ကယ်စီးသူ၊ ဆိုပ်ခံဗောတံတားပေါ် ဆိုင်ကယ်စီးသူ၊ လူစည်ကားသည့်ဈေးတန်း၊ ဈေးရုံထဲတွင် ဆိုင်ကယ်စီးသူ၊ အသက် (၁၂) နှစ်နှင့် (၁၅)နှစ်ကြား ကလေးသူငယ်ဆိုင်ကယ်စီးသူ၊ ညဘက် မီးမလင်းဘဲ ဆိုင်ကယ်စီးသူစသဖြင့် အသွင်မျိုးစုံ တွေ့နေရပါသည်။

### ဆိုင်ကယ်မစီးရမြို့နယ်တချို့တွင် ဆိုင်ကယ်စီးသူများ သောင်းကျန်းနေကြ

မီးပွိုင့်တွင် မီးနီဖြတ်မောင်းသည့်ဆိုင်ကယ်၊ ယာဉ်ကြောပြောင်းလျှင်၊ ဘယ်ကွေ့ ညာကွေ့လျှင် အချက်မပြသူ၊ နောက်ကြည့်မှန်မပါဘဲ ဆိုင်ကယ်မောင်းသူမျိုးကလည်း မရှားလှပေ။ ဆိုင်ကယ်စီးသူတော်တော်များများမှာ ဆိုင်ကယ်စီးလိုင်စင်မရှိသလို စီးလာသည့်ဆိုင်ကယ်ကလည်း မှတ်ပုံမတင်ထားသည့် without များဖြစ်နေတတ်ပေရာ လူကိုဝင်တိုက်၊ ကားကိုဝင်တိုက်၊ စက်ဘီးကိုဝင်တိုက်မိလျှင် ထွက်ပြေးကြသည်ကများသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မည်သည့်ဆိုင်ကယ်မျှ မစီးနင်းရန် သတ်မှတ်ထုတ်ပြန်ထားသော်လည်း ရန်ကုန်တိုင်းဒေသကြီးရှိ ဆိုင်ကယ်မစီးရ မြို့နယ်တချို့တွင် ဆိုင်ကယ်စီးသူများ သောင်းကျန်းနေကြပြီး ဘတ်စ်ကားဆိုက်ပြီဆိုလျှင် ကားပေါ်ကဆင်းမည့် ခရီးသည်သည် ကယ်ရီဘီးကို အရင်ရှောင်ရသည်။

မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့်အချက်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြထားချက်အရ မော်တော်ဆိုင်ကယ် မောင်းနှင်သူသည် သတ်မှတ်ယာဉ်မောင်းလိုင်စင်ပါရှိရမည်။ ဆိုင်ကယ်မောင်းသူ၏နောက်တွင် ထိုင်ခုံမပါလျှင် လူပိုမတင်ရပါ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရပါ။ ဆိုင်ကယ်မောင်းသူနှင့် နောက်ကလိုက်ပါသူသည် ဆိုင်ကယ်ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ ဆောင်းရမည်ဖြစ်ကာ နောက်ကထိုင်သူသည် ဆိုင်ကယ်သွားရာဘက်သို့မျက်နှာမူပြီး ဆိုင်ကယ်ကိုခွထိုင်လျက် ခြေထောက်ကို ခြေနင်းခုံတစ်ဖက်စီတွင် တင်၍စီးရပါမည်။ ဆိုင်ကယ်စီးသူ၏ရှေ့တွင် မည်သူ့ကိုမျှမတင်ရပါ။ လေးလံပြီးထုထည်ကြီးမားသော ပစ္စည်းများကို ဆိုင်ကယ်နောက်တွင် မတင်ရပါ။ ဆိုင်ကယ်ကို လမ်းပေါ်တွင် ဖြောင့်တန်းစွာ မောင်းနှင်ရပါမည်။ တခြားဆိုင်ကယ်များ၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရသလို အုပ်စုဖွဲ့၍လည်း မမောင်းရပါ။ ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါသူတို့၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်းမရှိစေရပါ။ ဆိုင်ကယ်ကို ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ပြီး မမောင်းရပါ။

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာ


ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း၊ နားကြပ်အသုံးပြုခြင်းမပြုရပါ။ ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရသလို အမိုးလည်းမတပ်ဆင်ရပါ။ ဆိုင်ကယ်ကို လမ်းယာဘက်ဘေးမှသာ မောင်းနှင်ရမည်ဖြစ်ပြီး ဆိုင်ကယ်အတွက် သတ်မှတ်လမ်းရှိပါက ယင်းလမ်းအတွင်းမှ မောင်းနှင်ရပါမည်။ ရှေ့မီးအနိမ့်ကို နေ့နှင့်ည အချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအချိန်၌လည်းကောင်း ဖွင့်၍မောင်းနှင်ရမည်။ ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်ခြင်း မပြုရပါ။ သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရပါမည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများသုံးစွဲ၍လည်းကောင်း၊ အရက်သေစာသောက်စားမူးယစ်၍လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်းမပြုရပါ။

အထက်ဖော်ပြပါ လိုက်နာရမည့်အချက်များသည် မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အန္တရာယ်ကင်းရှင်းစေရန် ထုတ်ပြန်ထားခြင်းဖြစ်၍ မော်တော်ဆိုင်ကယ်အသုံးပြုသူအားလုံးက လိုက်နာသင့်ကြပါသည်။ မိဘများအနေဖြင့်လည်း မိမိတို့၏ အသက်မပြည့်၊ အရွယ်မရောက်သေးသည့်ကလေးများကို အလိုလိုက်၍ ဆိုင်ကယ်စီးနင်းစေခြင်းသည် ကိုယ့်သားသမီးကိုသေတွင်းပို့သလို ဖြစ်တတ်ပါ၍ စဉ်းစားဆင်ခြင်သင့်ကြပါသည်။ ယခုဆိုလျှင် ကျေးလက်ပြည်သူအချို့သည် ခုတ်တိုင်နှစ်တိုင်လောက် အကွာအဝေးကိုပင် လမ်းမလျှောက်ကြတော့ဘဲ ဆိုင်ကယ်စီးပြီး သွားလာနေကြခြင်းသည် ကျန်းမာရေးနှင့် မညီညွတ်သည့်အပြင် မလိုအပ်ဘဲ စက်သုံးဆီကို ဖြုန်းတီးရာရောက်စေသဖြင့် ရှေးရှေး က Life Style ဖြစ်သော လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းများကိုသာ ဦးစားပေးသင့်ပါသည်။

အချုပ်အားဖြင့်ဆိုလျှင် မော်တော်ဆိုင်ကယ်သည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်လာနိုင်သဖြင့် စည်းကမ်းနည်းလမ်းတကျ အန္တရာယ်ကင်းစွာ အကျိုးရှိရှိ သုံးစွဲနိုင်ကြပါစေကြောင်း ဆန္ဒပြုတင်ပြအပ်ပါသည်။ ။

"နိုင်ငံအနှံ့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားမလည်ဘဲ ဆိုင်ကယ်စီးနင်းမှု၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲစီးနင်းမှု၊ အရှိန်ပြင်းစွာ မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှု၊ ဆိုင်ကယ်တိမ်းမှောက်မှုများ ဖြစ်ပွားပြီး သေဆုံးမှု၊ ကိုယ်လက်အင်္ဂါ ဆုံးရှုံးမှုများ အများအပြား ဖြစ်ပေါ်လျက်ရှိပါသည်။ အထင်ကရ ဆရာတော်ကြီးတစ်ပါးကဆိုလျှင် "မော်တော်ဆိုင်ကယ်ကို တချို့က မအိုဆေးလို့ ပြောနေကြတယ်"ဟု မိန့်ကြားဖူးသည်။ ဆိုင်ကယ်ကို မဆင်မခြင်စီးကြသူ အများအပြားရှိနေသဖြင့် အသက်ရှည်အောင်မနေရဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးကြရသောကြောင့် "မအိုဆေး" ဟု ခေါ်ဝေါ်ပြောဆိုကြခြင်းကိုဆိုလို"

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## စာမြတ်မွှေးကြူ ပန်းမဥ္ဇူသို့

စာရေးသူစိတ်မိုး စီစဉ်ရေးသားသည့် စာမြတ်မွှေးကြူ ပန်းမဥ္ဇူသို့စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စိတ်သည်လောက၏ အစိုးရဖြစ်သည်။ လောကသည် စိတ်၏ ရှေ့ဆောင်ရာသို့ လိုက်ရသည်။ စိတ်၏အမိန့်နာခံရသည်၊ လောကအား မွေးပျံ့လှပစေရာတွင်လည်း စိတ်ရှေ့ဆောင်ရခြင်းဖြစ်သည်။ ထို့ကြောင့် ဘဝမွေးပျံ့လှပစေလိုလျှင် စိတ်မွေးပျံ့လှပစေရာ၏။

လူ့ဘဝ၌မွေးဖွား၍ လူ့ဘဝ၌တည်ရှိသော လူ၏ စိတ်ကား ဘဝခြားသတ္တဝါတို့နှင့်မတူ အံ့ဩဖွယ်ရာတို့၏ တည်ရှိပြန့်ပွားရာ ဖြစ်သည်။ ဆိုလိုသည်ကား စိတ်နှင့်လူ လူနှင့်စိတ်သည် ခွဲခြားမရသော ရုပ်၊ နာမ် နှစ်ခုပေါင်းစပ်တည်ရှိရာဖြစ်၍ ယင်းသို့ ရုပ်၊ နာမ် နှစ်ခုပေါင်းစပ်ကာ လူ့ဘုံ၊ လူ့ဘဝ၌ ဖြစ်ရခြင်းကိုပင် မနုဿဟူသော အမည်ဖြင့် လူဟု ခေါ်ဆိုခြင်းဖြစ်သည်။ လူ၏ စိတ်သည် ထက်မြင်ခြင်း၊ တက်ကြွခြင်း၊ ရဲရင့်ခြင်း၊ စိုးမိုးခြင်း၊ ရှေ့ဆောင်ခြင်း၊ တောက်ပခြင်း၊ လျှင်မြန်ခြင်း စသော လူ့ဘဝဂုဏ်သတ္တိတို့ ဖူးပွင့်လန်းဆန်းရာဖြစ်၍ ဘဝအား ကြီးကျယ်ခမ်းနားစေရာတွင် အဓိကဆောင်ရွက်ရသည်ကား စိတ်ဖြစ်ကြောင်း ထိုစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို မဉ္ဇူစာပေ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၅၆၉၂၀၄နှင့် ၀၉ ၄၂၀၁၂၇၀၅တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## နိုင်ငံရေးပါတီများအပေါ်လေ့လာခြင်း စာအုပ်ထုတ်ဝေ

- မြန်မာပြည်နာရီတွေကများ အချိန်မှန်ပါသလား?
- မြန်မာပြည် ပါတီတွေကများ အလုပ်ဖြစ်ပါသလား?

**လေ့လာရမည့် စာအုပ်ကောင်းတစ်အုပ်**

- မြန်မာ့နိုင်ငံရေးနှင့်ပါတီများသမိုင်း ပါတီများနှင့် ရွေးကောက်ပွဲများအကြောင်း တစေ့တစောင်း
- ပါတီစုံဒီမိုကရေစီကိုသွားမည်ဆို ပါတီတွေက ဘယ်လိုလဲ?
- အစိုးရကောင်းလိုချင်ရင် ပါတီကောင်းကို ရွေးကြ

"နိုင်ငံရေးပါတီများအပေါ်လေ့လာခြင်း" စာအုပ်မှာ သင့်အတွက် အဆင်သင့်ဖတ်ရှုရန် စုစည်းထုတ်ဝေလိုက်ပါပြီ။




## သားရေခွာရုပ်လုံးသွင်း အတတ်ပညာမိတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန် စာမူဆု သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ) တတိယဆုရရှိသည့် စာရေးဆရာကိုတူး (သာယာမြိုင်)၏ "သားရေခွာရုပ်လုံးသွင်း အတတ်ပညာမိတ်ဆက်" စာအုပ်ကို ရောင်းဈေး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မျိုးတုံးပျောက်ကွယ်လုဖြစ်သော သတ္တဝါမျိုးစိတ်များကို မှတ်တမ်းတင်ထားရှိသည့် သားရေခွာရုပ်လုံးသွင်းပညာအကြောင်း ရေးသားထားသည်။ သေဆုံးသွားပြီဖြစ်သည့် ငှက်သတ္တဝါ၊ ခြေလေးချောင်းသတ္တဝါ၊ တွားသွားသတ္တဝါနှင့် ရေနေသတ္တဝါတို့၏ သားရေကို စနစ်တကျခွာထုတ်ကာ သန့်စင်ခြင်း၊ ပြုပြင်ခြင်းတို့ ပြုလုပ်ပြီး မူလသက်ရှိထင်ရှားရှိနေသည့်အတိုင်း ဖြစ်စေရန်အတွက် ပြင်ဆင်ခြင်း၊ အတွင်းသို့လိုအပ်သော အထောက်အကူပြုပစ္စည်းများ ထည့်သွင်းခြင်း၊ ကြည့်ကောင်းစေရန် စီစဉ်နေရာချထားခြင်း စသည်တို့ကို ဝါသနာရှင်များကိုယ်တိုင် လက်တွေ့လေ့လာနိုင်စေရန် ဓာတ်ပုံများနှင့်တကွ ရှင်းလင်းရေးသားထားခြင်းဖြစ်သည်။ ထို့ပြင် စာရေးသူသည် အဆိုပါ ပညာရပ်အကြောင်း အတွင်းကျကျလေ့လာဆည်းပူးထားပြီး လက်တွေ့အသုံးချနိုင်ရန် အခြေခံကျကျ ရှင်းလင်းစွာရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ■

## တစ်ပိုင်တစ်နိုင် ဝမ်းစာကြိတ် ဆန်စက်ငယ်အခြေခံ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆု၊ သုတေသနစာပေ ပထမဆုရရှိသည့် စာရေးဆရာ ဆွေဇင်ညွှန့်(ACPE)၏ "တစ်ပိုင်တစ်နိုင် ဝမ်းစာကြိတ် ဆန်စက်ငယ်အခြေခံ" စာအုပ်ကို ရောင်းဈေး ကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံ၏အသက်သွေးကြော လယ်ယာမြေမှ အဓိကစားသုံးဆန်အတွက် မရှိမဖြစ်စက်ပစ္စည်းများမှာ ဆန်ကြိတ်စက်များဖြစ်ကြသည်။ ဆန်ကြိတ်စက်အမျိုးအစား များစွာရှိကြသည့်အနက် လူအများစု၏ လက်တစ်ကမ်းတွင် လွယ်လင့်တကူ အသုံးပြုနိုင်သည့် ဆန်ကြိတ်စက်များမှာ တစ်ပိုင်တစ်နိုင် ၁၅ တန်အောက် ဆန်စက်ငယ်များ ဖြစ်ကြသည်။ ဆန်စက်ငယ်ပုံစံများနှင့်တကွ တစ်ရက်ဆန်တန်ကျ၊ တစ်နာရီကြိတ်ဖွပ် စပါးတင်းအရေအတွက်၊ တစ်နာရီ ထွက်ရှိစပါးတင်း၊ ဆန်စက်ငယ်အတွက် သုံးနိုင်သည့် မော်တာ၊ အင်ဂျင်၊ မြင်းကောင်ရေ စသည်တို့ကို လက်တွေ့ အသုံးချ၍ရအောင် အသေးစိတ်ရှင်းလင်း ဖော်ပြရေးသားထားသောကြောင့် ဆန်စက်တည်လိုသည့် သူများနှင့် စက်ပစ္စည်းများကို စိတ်ဝင်စားသည့် စာဖတ်ပရိသတ်များအတွက် များစွာအထောက်အကူပြုနိုင်စွမ်းရှိသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

## အလင်းမီးတိုင်နေလပြိုင်၍ ထွန်းလင်းပြလိုက်ချင်...


ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူစာပေဆုဝတ္ထုရှည် ပထမဆုရရှိသည့် စာရေးဆရာ တင်တော်၏ "အလင်းမီးတိုင်နေလပြိုင်၍ ထွန်းလင်းပြလိုက်ချင်..." စာအုပ်ကို ရောင်းဈေး ကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ရည်မှန်းချက်ကိုယ်စီဖြင့် ပညာကြိုးစားခဲ့ရာမှ ဘဝခရီးတစ်ဆစ်ချိုးတွင် အမှတ်မထင်ကြုံတွေ့ခဲ့ရသော ကံကြမ္မာ၏ လှည့်စားမှုကြောင့် လမ်းခွဲခဲ့ရသော ချစ်သူနှစ်ဦး၏ ရင်နင့်ကြေကွဲဖွယ်ဖြစ်ရပ်ကို မိဘ၊ ဆရာ၊ ကျောင်းသားအပြန်အလှန် လေးစားလိုက်နာ စောင့်ထိန်းအပ်သော ပညာရေးလောက နောက်ခံထားကာ ရေးဖွဲ့ထားပြီး လူ့တန်ဖိုးဆိုသည်မှာ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ရာထူးဂုဏ်ရှိန်ရှိခြင်းတို့မဟုတ်ဘဲ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ ကတိတည်ခြင်း၊ စိတ်နှလုံးပြည့်ဝခြင်းတို့ကသာ လူ၏တန်ဖိုးဖြစ်ကြောင်းကို သမိုင်းအကိုးအကား၊ ဒေသန္တရအထောက်အထားများနှင့်တကွ ရေးဖွဲ့တင်ပြထားသည့်အတွက် စာဖတ်သူများကို သုတရောရသပါ ပေးစွမ်းနိုင်မည့် ဝတ္ထုရှည်စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

## မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ဝတ္ထုရှည် ဒုတိယဆုရရှိသည့် စာရေးဆရာ ကံမြင့်မော်၏ "မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင်" စာအုပ်ကို ရောင်းဈေး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် အရွယ်မရောက်ခင် ပန်းကောင်းအညွန့်ချိုးခံလိုက်ရသော အသက် ၁၃ နှစ်အရွယ် မိန်းကလေးတစ်ဦး၊ စိတ်ဓာတ်ယုတ်နိမ့်သူတစ်ဦး၏ ကျူးလွန်မှုကြောင့် ရရှိလာသည့် ရင်သွေးငယ်ကို မပစ်ရက်ဘဲ ကိုယ်တိုင်ပြုစုပျိုးထောင်ရင်း နှစ်ပေါင်းများစွာ ဒုက္ခအမျိုးမျိုးနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ပုံ၊ မေတ္တာ၊ စေတနာအရင်းခံစိတ်ဖြင့် မြတ်နိုးခဲ့သည့် ငယ်ချစ်နှင့် ပြန်လည်ဆုံစည်းခဲ့ရပုံတို့ကို အဖွဲ့အနွဲ့ကောင်းကောင်းဖြင့် ရေးဖွဲ့ထားသည့် ဝတ္ထုရှည်စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။




## သားသို့ ပေးစာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု လူငယ်စာပေ တတိယဆုရရှိသည့် စာရေးဆရာ နွေကုံ့ကော်(မြို့လှ)၏ "သားသို့ပေးစာများ" စာအုပ်ကို ရောင်းဈေး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ပေးစာအမှတ်(၁)မှ ပေးစာအမှတ်(၂၁)အထိ သားသို့ပေးစာ ၂၁ စောင်ပါရှိပြီး ၎င်းပေးစာများသည် လူငယ်တစ်ဦး လျှောက်လှမ်းရမည့်လမ်းကို ညွှန်ပြထားသကဲ့သို့ အောင်မြင်မှုရရှိရေးအတွက် လမ်းပြမြေပုံကိုလည်း ဖွင့်ပြထားသည်။ မိဘက သားသမီးအပေါ်ထားရှိသည့် မေတ္တာတရား၊ သားသမီးအတွက် အလိုလိုဖြစ်ပေါ်လာသော စိတ်ဓာတ်ခွန်အားများ၊ လူတစ်ဦးနှင့်တစ်ဦး ထားရှိအပ်သည့်ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ရုပ်ရှင်ဇာတ်ကား၊ တေးသီချင်းများ၊ ဘောလုံးပွဲများမှ သင်ခန်းစာယူဖွယ်၊ အတုယူဖွယ်များကိုလည်း ဖွင့်ဆိုရေးဖွဲ့ထားသည့်အပြင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ချစ်ခင်မြတ်နိုး တန်ဖိုးထားတတ်ရေး၊ ခြိုးခြံချွေတာရေး၊ မိတ်ဆွေကောင်းများနှင့် အတူနေထိုင်ရေး၊ အကောင်းမြင်စိတ်ထားရှိရေး စသည်ဖြင့် လူငယ်တစ်ဦးအတွက် တိုးတက်အောင်မြင်ရေးလမ်းညွှန်များကို သားကို မှာကြားသည့်ဟန်ဖြင့် ရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**"သားရေခွာရုပ်လုံးသွင်း အတတ်ပညာမိတ်ဆက်"**စာအုပ်၊ **"တစ်ပိုင်တစ်နိုင် ဝမ်းစာကြိတ်ဆန်စက်ငယ်အခြေခံ"**စာအုပ်၊ **"အလင်းမီးတိုင်နေလပြိုင်၍ ထွန်းလင်းပြလိုက်ချင်..."**စာအုပ်၊ **"မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင်"**စာအုပ်နှင့် **"သားသို့ပေးစာများ"**စာအုပ်တို့ကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန(ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)



ကျောက်တံတားမြို့နယ် (၁)ရပ်ကွက် စည်ပင်လမ်း မြို့တော်ခန်းမဝင်/ထွက်ပေါက်ဂိတ်အား လက်ပစ်ဗုံးဖြင့် ပစ်ပေါက်သွားသည့် မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်းရှိ မြို့တော်ခန်းမအား အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်

**နေပြည်တော် ဇူလိုင် ၂၀**

အကြမ်းဖက်သမားများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ လက်ပစ်ဗုံးများ၊ လက်လုပ်ဗုံးများနှင့် လက်လုပ်မိုင်းများကို အသုံးပြု၍ အများပြည်သူသွားလာလှုပ်ရှားနေသော လမ်းမကြီးများ၊ စာသင်ကျောင်းများ၊ ပြည်သူပိုင် အဆောက်အအုံများ၊ အများပြည်သူများနှင့်သက်ဆိုင်သည့်နေရာများ၊ စစ်ရေးနှင့် မသက်ဆိုင်သည့်နေရာများ၊ အစိုးရရုံး၊ ဌာနများနှင့် အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီး နှောင့်ယှက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■**

## MNL ပြိုင်ပွဲတွင် ရောဝတီအသင်း နိုင်ပွဲပြန်လည်ရရှိ

**ရန်ကုန် ဇူလိုင် ၂၀**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆) ပထမနေ့ကို ဇူလိုင် ၂၀ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရောဝတီအသင်းက GFA အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ဆက်လက်ဖိအားပေးနိုင်ခဲ့**

ရောဝတီအသင်းသည် တိုက်စစ်မှူး ရန်ကျော်ထွေး၏ ဟက်ထရစ်အပါအဝင် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ တန်းတက် GFA အသင်းမှာမူ နောက်ထပ်ရှုံးပွဲတစ်ပွဲ ထပ်မံကြုံတွေ့ခဲ့ပြီး တန်းဆင်းဇုန်ထဲမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။ GFA အသင်းသည် ယခုပွဲမတိုင်မီ နည်းပြအပြောင်းအလဲပြုလုပ်ထားသော်လည်း ရှုံးပွဲထပ်မံရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

**စာမျက်နှာ ၁၉ ကော်လံ ၄ သို့ ○**



GFA အသင်းနှင့် ရောဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၀**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ဩဂုတ် ၁ ရက် နံနက် ၇ နာရီတွင်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲစဉ်များအား ယင်းနေ့ နံနက် ၆ နာရီ ၄၅ မိနစ်နှင့် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာထားသည်။

**သတင်းစဉ်**

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

**နေပြည်တော် ဇူလိုင် ၂၀**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✳**